# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ(၆၅)၊ အမှတ်(၃၁၁)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ○*


**ယနေ့ မာတိကာ**


ပြည်သူပူးပေါင်းပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး — ဆောင်းပါး ➢ ၆

သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့ပေါ် အနိမ့်ပိုင်း လူနေရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်ပွား — ပြည်တွင်းသတင်း ➢ ၉


### ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သချင်္ချာပုံစံပြု မော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❑*


### (၃၇) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

(၃၇) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (37th ASOEN and Related Meetings) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူပြီး Virtual စနစ်ဖြင့် ဩဂုတ် ၁၀ ရက်မှ ၁၃ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၇) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။


*စာမျက်နှာ ၇ ကော်လံ ၄ ✳*





### စစ်ကိုင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းမြို့နယ်ရှိ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲကို


*စာမျက်နှာ ၇ ကော်လံ ၁ ❖*


### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အထက(၉)၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အထက (၂)၊


*စာမျက်နှာ ၇ ကော်လံ ၃ ▼*





# ရွှေရောင်အခွင့်အရေးနှင့် ရွှေရောင်အနာဂတ်

နိုင်ငံ၏ အနာဂတ်တည်ဆောက်မှုလုပ်ငန်းများတွင် လူငယ်များ၏အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုရန်၊ မျက်မှောက်ကာလ လူငယ်များရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ (International Youth Day)" အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၌ ကျင်းပလျက်ရှိသည်။

၁၉၉၁ ခုနှစ်၊ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင်ကျင်းပသည့် ပထမအကြိမ် ကမ္ဘာ့လူငယ်များဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် လူငယ်များ၏ အဆိုပြုတင်ပြချက်အရ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဟု သတ်မှတ်ပေးရန် ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းမြို့၌ ကုလသမဂ္ဂနှင့်ပူးပေါင်းကျင်းပခဲ့သည့် ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံတွင် အကြံပြုခဲ့ကြသည်။ အဆိုပါ အကြံပြုချက်အရ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်အမှတ် ၅၄/ ၁၂၀ ဖြင့် ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစကာ ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလာခဲ့ခြင်းဖြစ်သည်။

လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကိုဆိုလိုသည်ဟု လူငယ်ရေးရာမူဝါဒတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၃၄ နှစ်အထိ လူငယ်ဦးရေ ၁၆ ဒသမ ၈၉ သန်းရှိပြီး နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းကျော်ရှိနေရာ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့် ရှိနေသည်။

ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "လူငယ်အင်အားများပြားသည့်နိုင်ငံဖြစ်သည်မှာ ရွှေရောင်အခွင့်အရေးတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခွင့်အလမ်းကောင်းရှိနေသော်လည်း လူငယ်ထုအတွင်းတွင် ကျောင်းထွက်နှုန်းမြင့်မားနေသည့်အတွက် အဆင့်မြင့်ပညာရရှိမှု၊ သက်မွေးပညာရေးရရှိမှု၊ ဒီဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု စသည့်ပညာရေးဆိုင်ရာ အားနည်းချက်များဖြစ်ပေါ်နေပါကြောင်း၊ ထိုကဲ့သို့ အားနည်းချက်များကြောင့် ဘဝအာမခံချက်ရှိသည့် အလုပ်အကိုင်ရရှိမှုအားနည်းခြင်း၊ ပုံမှန်လုပ်ခလစာမရရှိသည့်အလုပ် (Informal Sectors) များတွင် အများစုလုပ်ကိုင်နေရခြင်း၊ ကျောင်းသင်ပညာရေးနှင့် အလုပ်အကိုင်ကိုက်ညီမှုအားနည်းခြင်း၊ စွန့်ဦးတီထွင်လုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုဂေဟစနစ်အားနည်းခြင်း စသည့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းလောင်းကစား၊ အကြမ်းဖက်မှုနှင့်ရာဇဝတ်မှုများ၊ စိတ်ကျန်းမာရေးပြဿနာများ စသည့်လူမှုရေးဆိုင်ရာစိန်ခေါ်မှုများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု (Civic Engagement) နည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည်မှန်သော်လည်း စည်းစနစ်တကျဆောင်ရွက်နိုင်မှုအားနည်းခြင်း စသည့်အမျိုးသားရေးစိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း မိမိတို့နိုင်ငံတွင် တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း "နိုင်ငံတော်အစိုးရတာဝန်ယူသည့် ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရသည် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်အဖြစ် "စွမ်းရည်ပြည့်ဝသောလူငယ်၊ အားကောင်းသောနိုင်ငံ၊ မျှဝေပိုင်ဆိုင်သောအနာဂတ်" (Empowered Youth, Strong Nation, Shared Future) ဆိုသည့် ဆောင်ပုဒ်ကိုချမှတ်ထားပြီး အမျိုးသားအဆင့် လူငယ်ဖွံ့ဖြိုးရေးမူဝါဒ မူဘောင်တစ်ရပ်ရေးဆွဲကာ မဟာဗျူဟာများ၊ ရေတို/ရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိသည်။ ယခင်က လူငယ်နှင့်သက်ဆိုင်သည့်ဝန်ကြီးဌာန သီးခြားမရှိခဲ့သော်လည်း အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအလေးထားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းထားပြီဖြစ်သည်။ လူငယ်များသည် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိသယံဇာတများဖြစ်သည်ဟုခံယူထားပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံသားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း နိုင်ငံတော်သမ္မတက ပြောကြားထားသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်မှာ "Different Contents, Common Aspirations" "နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဟူ၍ဖြစ်သည်။ ကမ္ဘာကြီး၏ မည်သည့်နေရာ၌ရှိနေစေကာမူ လူငယ်ဟူသည် အနာဂတ်ကိုဖန်တီးကြမည့် အင်အားများသာဖြစ်သည်။ လူငယ်အင်အားအများအပြားရှိသော ရွှေရောင်အခွင့်အရေးကိုပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအနေဖြင့် တန်ဖိုးမြင့်လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်ကာ နိုင်ငံ၏တောက်ပသော ရွှေရောင်အနာဂတ်ကို တည်ဆောက်ကြရပါမည့်အကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကေသီကျော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဦးစိုးသက်နောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံး၊ ရောမမြို့မှသံရုံးယာယီတာဝန်ခံ/သံအမတ် ဦးစိုးသက်နောင် အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ၁၁ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## (၁၁-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၃ ~ ၃၆၆၅.၈ | ၅၅၈.၁ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၇၃,၂၃၄.၂၈ | ၁,၆၀၂,၉၂၂.၉၁ | ၈၂,၈၈၄,၁၄၄.၄၅ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၈ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၄၀ | ၃၉၉၅ | ၃၉၄၅ | ၃၈၅၅ | ၄၀၀၀ | ၄၀၁၅ | ၄၀၄၅ | ၃၉၂၅ | ၄၂၉၅ | ၄၃၂၅ | ၃၉၄၅ | ၄၀၅၅ | ၄၀၃၅ | ၃၉၉၅ | ၄၀၀၅ | ၄၂၃၅ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၀၀ | ၄၁၂၅ | ၄၁၆၀ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၅၅ | ၄၁၅၀ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၅ | ၄၃၀၀ | ၄၂၅၅ | ၄၁၇၀ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၉၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၀ | ၅၂၅၅ | ၅၁၃၅ | | ၅၅၃၀ | ၅၁၅၅ | ၅၃၅၅ | ၅၂၄၅ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၃၈ | ၃၇၄၅ |
| 95 Ron | ၃၇၄၅ | ၃၈၅၄ |
| HSD (500 ppm) | ၃၉၅၅ | ၄၀၆၃ |
| HSD (50 ppm) | ၄၈၀၈ | ၄၉၃၄ |
| HSD (10 ppm) | ၄၈၀၈ | ၄၉၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊
**ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

○ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတဦးညိုစော၊အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်နှင့် အတွင်းရေးမှူး ဦးအိုက်ပန်းတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် အထူးဒေသ(၄) ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီနှင့် ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပါအဝင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိမှု၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ "ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး" ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေများ၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မိုင်းလားဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်ပြီးအပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်ခဲ့သည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံနှင့် ဒေသအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မိုင်းလားဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မိုင်းလားဒေသအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆရာ ဆရာမများနှင့်အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများ အဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသ၌ လတ်တလောကာလအတွင်း လိုအပ်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**မိုင်းလားဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များအား မိုင်းလားဒေသရှိ ဒေသခံပြည်သူများကို ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး**

**ရင်းရင်းနှီးနှီးဆွေးနွေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌတို့သည် မိုင်းလားဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များအား မိုင်းလားဒေသရှိ ဒေသခံပြည်သူများကို ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်ခိုင်ခိုင်အောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့် သွေးအလှူရှင် ဝန်ထမ်းများ တက်ရောက်ကြသည်။

**စုပေါင်းသွေးလှူဒါန်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် စုပေါင်းသွေးလှူဒါန်းသည့် ဝန်ထမ်းများကို အားပေးစကားပြောကြားပြီး(ဝဲပုံ) အားဖြည့်အစားအစာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အထွေထွေကျန်းမာရေးနှင့် မျက်စိကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက် ထုတ်ပြန်ပေးပို့သွားမည် ဖြစ်သည်။

**မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ ဩဂုတ် ၁၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ထားသည့် လူနာများအား ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးရည်မှန်းကာ ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍ သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တွင် ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးကြပ်မတ် ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူထားသည့်လူနာများကိုသွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ **(အပေါ်ယာပုံ)** ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၏ လူနာများ ကျန်းမာရေးအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ် ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက် ၄၄ နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက် ၂၈ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ၅ နာရီနှင့် ၂၅ မိနစ် ကြာမြင့်ခဲ့သည်။

သတ္တမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငါးပြေမကျေးရွာနေ ကျောက်ကပ်လူနာ အသက် ၂၉ နှစ်ရှိ လက်ထောက်မူလတန်းပြဆရာမနှင့် ကျောက်ကပ်အလှူရှင် ညီအစ်မတော်စပ်သူ အသက် ၂၄ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းခွဲစိတ်ချိန် ၅ နာရီ ၃၉ မိနစ် ကြာမြင့်ခဲ့သည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံများ၊ တပ်မတော်ဆေးရုံကြီးများ၊ ရန်ကုန်/မန္တလေးရှိ ပုဂ္ဂလိကဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်နေသည့်အပြင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ပထမအကြိမ် စတင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဆောင်ရွက်သည့် လူနာနှစ်ဦး အပါအဝင် ခုနစ်ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ထေးဌားလျားကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**လွိုင်ကော် ဩဂုတ် ၁၁**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ထေးဌားလျားကန်နှင့် ကန်ပေါင်တစ်လျှောက် မြေယာရှုခင်းပြုပြင်ထိန်းသိမ်းခြင်း၊ ပန်းအလှပင်များ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အပါအဝင် ကန်သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ထို့ပြင် ပြည်နယ်သစ်တောဦးစီးဌာနရုံး၌ ခြံစည်းရိုး အုတ်တံတိုင်း ပေ ၄၂၀ ကာရံနေမှုနှင့် ပေ ၈၀ x ၃၆ ပေ RC တစ်ထပ် အဆောက်အအုံ ပြုပြင်ခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ အမြန်ပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ ရုံးသုံးပရိဘောဂများ ဖြည့်တင်းနိုင်ရေးနှင့် ရုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စနစ်တကျ ပြင်ဆင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့အတူ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၂ ဒသမ ၂၈၅၄ တန်၊ သစ်မာ ၀ ဒသမ ၂၁၇၈ တန်၊ အခြား ၂၁ ဒသမ ၃၈၂၂ တန် စုစုပေါင်း ၂၃ ဒသမ ၈၈၅၄ တန်၊ ယာဉ်/ယန္တရား နှစ်စီး၊ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ဝန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ဝန်မြစ်ကြောင်း တစ်လျှောက် မြစ်ကမ်းထိန်း လုပ်ငန်းများ၊ သောင်ထွန်းနေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ ဖြတ်မြောင်းတူးခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက ပန်းတာ၊ ဖြတ်တာများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့က ဟသ်ာတမြို့နယ် အလယ်စုကျေးရွာအနီး ဝန်တာ တာမိုင် ၁၁/၁ နှင့် ၁၁/၃ အတွင်း၊ လေးမျက်နှာမြို့နယ် ရေလဲကျေးရွာအနီး ဝန်တာ တာမိုင် ၂၀/၄ နှင့် ၂၀/၅ အတွင်း၊ ညောင်ပင်ဝဲကျေးရွာအနီး တာမိုင် ၂၃/၀ နှင့် ၂၄/၀ အတွင်း၊ ကျောင်းစုကျေးရွာအနီး တာမိုင် ၂၄/၁ နှင့် ၂၄/၃ အတွင်းရှိ ဝန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ဝန်မြစ်ကြောင်း တစ်လျှောက် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှုနှင့် သဲသောင်ဖြစ်ပေါ်နေမှု၊ ထိန်ငူကျေးရွာအနီး (Floating Unit) သဲအိတ်ဆွဲသစ်ကိုင်းချ ဝါးဖောင်ပြုလုပ်ခြင်း လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် လေးမျက်နှာမြို့နယ်ရှိ ဝန်တာ တာမိုင် ၂၅/၃ တွင် တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှု လျော့ကျစေရန် Geo-Bag ချခြင်း၊ Geo-Bag ဖြင့် ရေလွှဲရေကာ ပြုလုပ်ခြင်း၊ တာတမံ ရေထိမျက်နှာပြင်နှင့် ဆက်စပ်နေရာများအား Geo textile အစများ၊ Geo-Bag များဖြင့် ရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရေနက်ရေစီးလမ်းကြောင်းကို ဆက်လက်တားဆီးပိတ်ဆို့နိုင်ရေး Steel Sheet Pile များရိုက်ခြင်း၊ သဲစုပ်သင်္ဘောများ၊ ရေယာဉ်များဖြင့် Geo-Bag အိတ်ကြီးများနေရာချခြင်း၊ လုပ်ငန်းဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာ့ပင်လယ်ပြင်၌ လှိုင်းကြီးမည်

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရုံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်



ရပ်စောက် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများကို ရပ်စောက်မြို့တွင် မိုးလုံလေလုံအားကစားကွင်းနှင့် ဥတ္တံတားဓမ္မာရုံ၌လည်းကောင်း၊ ကလောမြို့တွင် အမှတ် (၅) ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်၌လည်းကောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထိုသို့ သွားရောက်စဉ် ရပ်စောက်မြို့မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်နှင့် ဆေးဝါးများ၊ လိုအပ်သော အသုံးအဆောင်ပစ္စည်းများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး(ယာပုံ) ရေဝင်ရောက်နေသည့် ဇော်ဂျီမြစ်ချောင်းဘေးရှိ ရပ်ကွက်များအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကလောမြို့ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများကို သွားရောက်ပေးအပ်သည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကလောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ မြို့တော်ခန်းမတို့တွင် ရေပြန်လည်ကျဆင်းသွားသဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မောမြေဦးပန်းခြံ၊ ကလောချောင်းနှင့် ခရိုင်ပညာရေးရုံးကိုလည်းကောင်း၊ ရပ်ကွက်(၄) ကလောချောင်းကူးတံတား၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုတ်တံတိုင်း ပြိုလဲမှုကိုလည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိပလောင်ဈေး သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမှတ်(၄)ရပ်ကွက်၊ ကလောချောင်းမှတ်တိုင်(၁၄၇)မှ Fullmoon Hotel နောက် ကလောချောင်းအထိ ရေမြောင်းအသစ်တူးဖော်မည့်နေရာကိုလည်းကောင်း၊ ကလောအင်းပြင် သစ်တောပျိုးဥယျာဉ်ရှေ့ ကလောချောင်းရေစီးဆင်းမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများ၌ ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်သွားမည်

ပုသိမ် ဩဂုတ် ၁၁

ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည် ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ယန္တရား၊ မျိုးစေ့နှင့် သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်နှင့် စာသင်ကျောင်း၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများအနေဖြင့် မူလတာဝန်များနှင့်အတူ ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။



တွေ့ဆုံပွဲအပြီးတွင် ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာရှိ စိုက်ကေ ၁၀ ကေတွင် စိုက်ပျိုးထားသော ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ RS to CS မော်ဒီ-၃ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို ကြည့်ရှုအားပေးသည်။

ယင်းအပြင် ကျုံပျော်မြို့နယ် သဖန်းချောင်းကျေးရွာမှ အသက် ၁၂၀ ရှိ အဘိုး ဦးစိန်ငွေအား နိုင်ငံတော်သမ္မတ၏ ဂါရဝပြုလှူဒါန်းငွေ၊ ဆန်၊ ဆီနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။

ထို့အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် ဆန်အိတ် ၁၀၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆန်အိတ်များ လက်ခံရယူပြီး သယ်နီးဒေါင့်ကျေးရွာ ကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

အလားတူ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။**

## ရာသီဥတုအကြောင်းပြ ကမ်းနီးဒေသအတွင်း ငါးပုစွန်ဖမ်းဆီးပါက အရေးယူမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ဝဝ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝဝ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ဝဝ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ဝ၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**နိုင်ငံ** လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသမှာ နေထိုင်ကြတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဟာ နိုင်ငံရဲ့အလုံးစုံသော ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ပြည်သူပူးပေါင်းပါဝင်မှုမရှိရင် ရေရှည်တည်တံ့ဖို့ အင်မတန်ခက်ခဲပါတယ်။ ပြည်သူပူးပေါင်းပါဝင်မှုရှိမှ၊ ပြည်သူရဲ့ သဘောတူညီမှုရရှိတဲ့လုပ်ငန်းတွေကသာ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ အာမခံချက်ရှိတာဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါ အစိုးရတစ်ရပ်တည်းရဲ့ ကြိုးပမ်းမှုသာမက ပြည်သူပူးပေါင်းပါဝင်မှုရှိမှသာ ပိုမိုကောင်းမွန်တဲ့ ရလဒ်ကောင်းတွေ ရရှိပြီး ရေရှည်တည်တံ့မှာ ဖြစ်ပါတယ်။

# ပြည်သူပူးပေါင်းပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေး

**ခန့်ဇော်(ကျေးလက်)**



ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အုပ်စုဖွဲ့၍ ဆွေးနွေးတိုင်ပင်စဉ်။

### ပြည်သူဗဟိုပြု ချဉ်းကပ်မှု

စာရေးသူတို့သမဝါယမနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပြည်သူကိုဗဟိုပြုတဲ့၊ ပြည်သူပူးပေါင်းပါဝင်မှုရှိတဲ့ လုပ်ငန်းဆောင်ရွက်မှုပုံစံနဲ့ ချဉ်းကပ်ဆောင်ရွက်ကြပါတယ်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာကစလို့ ဦးစားပေးရွေးချယ်ပြီး လုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးတဲ့အထိ ကျေးလက်နေပြည်သူကို ဗဟိုပြုပြီး ကျေးရွာပြည်သူတွေကို ပူးပေါင်းပါဝင်စီမံခန့်ခွဲခွင့် ပေးအပ်ပြီး ဆောင်ရွက်စေပါတယ်။ လက်ရှိလည်း ဆောင်ရွက်နေပါတယ်။ ဒီမူဝါဒ၊ အလေ့အကျင့်ကောင်းတွေကို အခြေခံပြီး ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားအပ်သည်များ...

ဒီလိုဆောင်ရွက်တဲ့နေရာမှာ တစ်ဌာနတည်းလုပ်လို့မရတဲ့အတွက် ပူးပေါင်းဆောင်ရွက်မယ့် ယန္တရားရေးဆွဲထားဖို့ လိုပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနတွေနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်အစိုးရအဖွဲ့တွေ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအချင်းချင်း၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေ စတဲ့သဘောသဘာဝကို လိုက်ပြီး ဘယ်လိုပေါင်းစပ်ဆောင်ရွက်မလဲ၊ ဘယ်လိုစနစ်တကျဖွဲ့စည်းပေါင်းစပ်မလဲ ဆိုတာကို ထည့်သွင်းစဉ်းစားကြရမှာ ဖြစ်ပါတယ်။

ဒေသတွင်းမှာ Local NGOs တွေ၊ လူမှုအဖွဲ့အစည်းတွေရှိသလို နိုင်ငံတကာအဖွဲ့အစည်း (INGOs)တွေ ရှိပါတယ်။ ဒါတွေကို အုပ်ချုပ်ရေးအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ပေါင်းစပ်ပြီး ဆိုင်ရာအလိုက် တာဝန်ခွဲပြီးတော့ သတ်သတ်မှတ်မှတ် လုပ်မယ်ဆိုရင် ပိုပြီးလုပ်ငန်းတွေ တွင်ကျယ်နိုင်၊ ထိရောက်နိုင်၊ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

### ရေရှည်တည်တံ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ခြင်း

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်တဲ့အခါမှာ ရေရှည်တည်တံ့ခိုင်မြဲရေးဟာ အင်မတန် အရေးကြီးပါတယ်။ ရေရှည်တည်တံ့ဖို့ဆိုရင် ဘယ်လို ပြုပြင်ထိန်းသိမ်းမလဲ၊ ဘယ်လိုလည်ပတ်မလဲ၊ စဉ်းစားကြရပါမယ်။ လမ်းတွေ၊ ရေရရှိရေး လုပ်ငန်းတွေ၊ မီးရရှိရေးလုပ်ငန်းတွေကို ဘယ်လိုထိန်းမလဲ စဉ်းစားကြရပါတယ်။ ကျေးရွာအဆင့်မှာ ဝန်ဆောင်မှုပေးတဲ့ ဌာနဆိုင်ရာတွေကနေပဲ ပြုပြင်ထိန်းသိမ်းရေးအထိ တာဝန်ယူလုပ်ပေးဖို့ မဖြစ်နိုင်ပါဘူး။

### ကျေးရွာကော်မတီများ၏ အခန်းကဏ္ဍ

အဲဒီမှာ ကျေးရွာတွေရဲ့ အခန်းကဏ္ဍ၊ ကျေးရွာကော်မတီတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးပါလာပါတယ်။ ဥပမာ – လမ်းကော်မတီ၊ ရေကော်မတီနဲ့ မီးလင်းရေးကော်မတီတွေမှာ ကော်မတီဝင်တွေက အရည်အချင်းရှိမယ်၊ လုပ်တတ်ကိုင်တတ်ရှိမယ်၊ သင်ပြထားတဲ့အတိုင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်ဆိုရင် ရေရှည်တည်တံ့ခိုင်မြဲမှာ ဖြစ်ပါတယ်။

### ပြည်သူပူးပေါင်းပါဝင်သော ကျေးလက်မီးလင်းရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဓာတ်အားလိုင်းပြင်ပ ဧရိယာတွေမှာ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးပါတယ်။ အိမ်သုံးဆိုလာစနစ်တွေအတွက်ဆိုရင် သုံးစွဲသူပြည်သူက ၁၀ ရာခိုင်နှုန်း ထည့်ဝင်ရသလို အသေးစား ဓာတ်အားပေးစနစ်မှာဆိုရင်လည်း ၂၀ ရာခိုင်နှုန်း ထည့်ဝင်ရပြီး ကျသင့်မီတာခ ပေးဆောင်ရပါတယ်။ အိမ်သုံးဆိုလာစနစ်အနေနဲ့ အိမ်သုံးဖို့ မီးငါးပွင့် အနည်းဆုံးရပြီး DC တီဗွီ၊ ပန်ကာတွေ သုံးခွင့်ရပါတယ်။

အသေးစား ဓာတ်အားပေးစနစ်မှာဆိုရင် လျှပ်စစ်မီးသာမက အသေးစား စက်မှု၊ လက်မှုကုန်ထုတ်လုပ်ငန်းတွေပါ ဆောင်ရွက်နိုင်ပြီး Grid အရည်အသွေးအတိုင်း သုံးစွဲခွင့်ရပါတယ်။ ပြည်သူကလည်း သူတို့ကိုယ်တိုင် ထည့်ဝင်ထားတဲ့စနစ်တွေဖြစ်လို့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြပါတယ်။ ဒ့ါအပြင် မဟာဓာတ်အားလိုင်း ကျေးလက်မီးလင်းရေးမှာ ရွာတွင်း ၄၀၀ ဗို့အားလိုင်း သွယ်တန်းခြင်းနဲ့ အိမ်သုံးမီးလိုင်း သွယ်တန်းခြင်းတွေကို ရွာက ကျခံ ဆောင်ရွက်ကြပါတယ်။ ဒါတွေက မြန်မာ့ကျေးလက်ပြည်သူတွေရဲ့ ကိုယ်ထူကိုယ်ထ ပူးပေါင်းပါဝင်မှုကနေ ရရှိလာတဲ့ရလဒ်ကောင်းများဖြစ်ပါတယ်။

### ပြည်သူပူးပေါင်းပါဝင်သောကျေးလက်ရေရှိရေး

အလားတူ ကျေးလက်ရေပေးရေးမှာလည်း အခြေခံလိုအပ်ချက်ဖြစ်တဲ့ ရေတွင်းတူးတာ၊ ရေကန်တူးတာ၊ အုတ်ရေကန်လုပ်တာတွေကို နိုင်ငံတော်ဘတ်ဂျက်က ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပေးနေသလို ကျေးရွာတွေက ကိုယ်ထူကိုယ်ထစနစ်နဲ့ ဆောင်ရွက်ထားတဲ့ ပုဂ္ဂလိက ရေတွင်းတွေ၊ ရေကန်၊ ရေစင်တွေ အများကြီးရှိပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ကတော့ အခြေခံဝန်ဆောင်မှုအဆင့်ဖြစ်တဲ့ ရေတွင်းရေကန်ကနေ ရေခပ်လို့ရရုံသာမက ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုဖြစ်တဲ့ အချိန်တိုအတွင်း ရေရရှိဖို့၊ ရေပိုက်ဖွင့်ရင် ရေလာဖို့၊ ရေမီတာစနစ်ရှိဖို့အတွက် အမြင့်တင်ရေစင် ပြုလုပ်ပေးပြီး သန့်ရှင်းတဲ့ သောက်သုံးရေကို ရေပိုက်လိုင်းတွေကနေတစ်ဆင့် ရေမီတာစနစ်နဲ့ ရေပေးဝေတဲ့ အိမ်သွယ်ရေတိုင်စနစ်တွေ ဆောင်ရွက်ပေးပါတယ်။

အိမ်သွယ်ရေတိုင်စနစ်မှာ အိမ်အတွက် ရေမီတာတပ်ရတဲ့ ကုန်ကျစရိတ်တွေ၊ ရေမီတာဖိုးတွေ၊ Household Connection တွေအတွက်ကို ကျေးရွာက ကျခံဆောင်ရွက်ကြပါတယ်။ ဌာနအနေနဲ့က ပင်မသွယ်တန်းလိုင်းအတွက်နဲ့ နည်းပညာပဲ ပေးပါတယ်။ ဌာနကရေးဆွဲထားတဲ့ ရေပေးရေးမဟာဗျူဟာမှာ ကျေးရွာတွေအတွက် ရေရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့အခါ Better Service ဝန်ဆောင်မှုလုပ်ငန်းအနေနဲ့ ပြည်သူက ၃၅ ရာခိုင်နှုန်း အချိုးကျ ထည့်ဝင်ပေးရပြီး ကျန်တာကို နိုင်ငံတကာပူးပေါင်းပါဝင်မှုနဲ့ နိုင်ငံတော်က ကျခံဆောင်ရွက်ပေးပါတယ်။ လုပ်ငန်းလုပ်တဲ့အခါမှာလည်း ဦးစီးဌာနက ပိုက်လိုင်းတူးတာ၊ ပိုက်ဆက်တာတွေကအစ နည်းပညာသင်ပေးပြီး ပြည်သူတွေက ရေကော်မတီဖွဲ့ပြီး ရေခွန်ရေခကောက်ခံရရှိငွေတွေနဲ့ ပြင်ဆင်ထိန်းသိမ်းမှုတွေ လုပ်ကြရပါတယ်။

### ပြည်သူပူးပေါင်းပါဝင်သော ကျေးလက်လမ်း/တံတားလုပ်ငန်းများ

ကျေးလက်လမ်းတံတား လုပ်ငန်းတွေမှာလည်း ဒီလိုပါပဲ။ ကျေးလက်လမ်းတွေအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာရေးဆွဲဆောင်ရွက်ပေးနေတာဖြစ်ပေမယ့် ရန်ပုံငွေ အကန့်အသတ်အရ ရာသီမရွေးသွားလာနိုင်တဲ့လမ်းက ၂၀ ရာခိုင်နှုန်း ဝန်းကျင်အထိပဲ ဆောင်ရွက်ပေးနိုင်ပါသေးတယ်။ အဆင့်မြှင့်တင်ပေးဖို့ ၈၀ ရာခိုင်နှုန်းခန့် ကျန်နေပါသေးတယ်။ နိုင်ငံတော်က မဆောင်ရွက်ပေးနိုင်သေးခင်မှာ ပြည်သူတွေက ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားတဲ့လမ်းတွေ၊ တံတားတွေ အများကြီးရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ရွာနဲ့တစ်ရွာ ကူးလူးဆက်သွယ်နိုင်လို့ ကုန်စည်စီးဆင်းရေးကို အများကြီးအထောက်အကူပြုနေတာ တွေ့ရပါတယ်။

လမ်းပန်းဆက်သွယ်ရေးမှာဖြစ်ဖြစ်၊ ကျေးလက်မီးလင်းရေးမှာဖြစ်ဖြစ်၊ ကျေးလက်ရေရရှိရေးမှာဖြစ်ဖြစ် ကျေးလက်နေပြည်သူတွေရဲ့ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးတဲ့၊ မိမိရပ်ရွာကို ဖွံ့ဖြိုးစေလိုတဲ့ စိတ်ဆန္ဒတွေနဲ့ လုပ်အားလိုလုပ်အား၊ ငွေလိုငွေ ပူးပေါင်းထည့်ဝင်ပြီး ပါဝင်ဆောင်ရွက်နေတာကို အားရဖွယ်တွေ့မြင်ရပါတယ်။ ဒါတွေဟာ ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်တဲ့ အလေ့အကျင့်ကောင်းတွေ ဖြစ်ပါတယ်။

ဒါပေမယ့် ဆောင်ရွက်ပေးထားတာတွေကို မထိန်းသိမ်းနိုင်တဲ့ရွာတွေ၊ ပြုပြင်ထိန်းသိမ်းရေး မလုပ်တဲ့ ရွာတွေ၊ အလေ့အထအမူအကျင့်တွေကိုပါ ပြုပြင်ဖို့ လိုအပ်ချက်တွေရှိနေတဲ့ ရွာတွေ ရှိနေပါသေးတယ်။ ဒီလိုရွာမျိုးတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရေရှည်တည်တံ့နေတဲ့ ရွာတွေကို နမူနာကောင်းအနေနဲ့ပြပြီး အလေ့အကျင့်ကောင်းတွေ ရရှိအောင် လေ့ကျင့်သင်ကြားပေးပြီး ဆောင်ရွက်ပေးရမယ့်လုပ်ငန်းတွေ ရှိနေပါသေးတယ်။

### ပြည်သူပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေအနေနဲ့ကတော့ အားလုံးနီးပါးမှာ ပြည်သူပူးပေါင်း ပါဝင်မှုရှိနေပါတယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှာဆိုရင် နိုင်ငံတော်က ကျပ်သိန်း ၁၅၀ ကျခံပေးပြီး ကျန်တာကိုတော့ ပြည်သူက ထည့်ဝင်ပေးရပါတယ်။ ကျေးလက်ပြည်သူတွေ (လူကြီး၊ လူငယ်၊ အမျိုးသမီး၊ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့)တွေ ပါဝင်တဲ့ ကော်မတီတွေကနေ ကျေးရွာမှာ ဘာတွေလိုအပ်နေသလဲဆိုတာကို ဖော်ထုတ်တတ်အောင် သင်ပေးပါတယ်။ ကျေးရွာပြည်သူတွေကိုယ်တိုင် လိုအပ်ချက်တွေ၊ ကျေးရွာမှာရှိတဲ့ အရင်းအမြစ်တွေကို စာရွက်မှာ ချရေး၊ လုပ်သင့်တဲ့ ဦးစားပေးလုပ်ငန်းတွေကို ဝိုင်းဝန်းဆွေးနွေးရွေးချယ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းတွေကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ပါတယ်။

ကျေးရွာမှာ လမ်းခင်းကြမယ်ဆိုရင် ဌာနက သိန်း ၁၅၀၊ ကျေးရွာက သိန်း ၁၅၀/ ၃၀၀/ ၅၀၀ စသဖြင့် အချိုးကျထည့်ဝင်ပြီး ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ဌာနက နည်းပညာအကူအညီပေးပြီး စောင့်ကြည့်ကြီးကြပ်ပေးတာပဲ လုပ်ရပါတယ်။ ပြည်သူက ကိုယ်တိုင်ပါဝင်ခွင့်ရရင်၊ ကိုယ်တိုင်ဆုံးဖြတ်ခွင့်ရရင်၊ ကိုယ်တိုင်လုပ်ဆောင်ခွင့်ရရင် သူတို့ရဲ့ လုပ်အားတွေ၊ ငွေကြေးတွေ ထည့်ဝင်ဆောင်ရွက်ကြရရင် ပိုတန်ဖိုးထားထိန်းသိမ်းကြပြီး ရေရှည်ခံတာကို တွေ့ရပါတယ်။ နိုင်ငံတော်က လုပ်ရမယ့် အလုပ်ကိုတောင် လူထုကိုအခြေပြုရင်၊ ပြည်သူကို ဗဟိုပြုရင် ပြည်သူက ပါဝင်ကြတယ်၊ ထိန်းသိမ်းကြတယ်ဆိုတာ တွေ့ရပါတယ်။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၁၉၅၉၂ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လုပ်ငန်းပေါင်း ၂၂၄၀၈ ခုမှာ ပြည်သူထည့်ဝင်ငွေကျပ် ၆၀ ဘီလီယံကျော် ရှိခဲ့ပါတယ်။

*စာမျက်နှာ ၇ သို့*

> **“ ပြည်သူပူးပေါင်းပါဝင်မှုရဲ့အားသာချက်ကတော့ ဒေသခံပြည်သူရဲ့ တာဝန်ယူ၊ တာဝန်ခံမှုကို တိုးမြင့်လာစေတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်သူကိုယ်တိုင် ဦးဆောင်စီမံခန့်ခွဲရတဲ့အခါ ပိုမိုဂရုစိုက်ထိန်းသိမ်းလာပြီး အကျိုးခံစားခွင့်တွေ တရားမျှတမှုရှိဖို့ ပြည်သူကိုယ်တိုင် စိတ်ပါဝင်စား ကြီးကြပ်လာတဲ့အတွက် အဂတိလိုက်စားမှုကို လျှော့ချပေးပြီး အရင်းအမြစ်တွေကို ပိုမိုပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်စေမှာဖြစ်**
>
> **အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်သင်ကြားပို့ချပေးမှုတွေကတစ်ဆင့် ဒေသခံတွေက စီမံကိန်းရေးဆွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးမှုခံယူခြင်း၊ စာရင်းအင်းနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုတွေ ရရှိလာစေမှာဖြစ် ”**




✳ *ရှေ့ဖုံးမှ*

ဖွင့်ပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရာသီဥတုပြောင်းလဲမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ဇီဝမျိုးစုံမျိုးကွဲ ဆုံးရှုံးမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာအပါအဝင် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ဗဟိုဌာနများပူးပေါင်း၍ လက်တွဲဖြေရှင်း ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့ပြင် ASOEN ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဝန်ကြီးဌာန၊ မူဝါဒ၊ စီမံကိန်းနှင့် နိုင်ငံတကာရေးရာဌာန၏ ဒုတိယဝန်ကြီး H.E. Attorney. Jonas R. Leones က Online မှ ပါဝင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့သည်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် အာဆီယံအထူးပြု မိုးလေဝသဗဟိုဌာနတို့မှ ကိုယ်စားလှယ်များလည်း Online မှ ပါဝင်တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ရေဝင်ရောက်ခဲ့သည့် ညောင်ပင်ဝန်းကျေးရွာ၊ တလိုင်းကျွန်းကျေးရွာနှင့် ညောင်ပင်သာကျေးရွာများရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရေများပြန်လည်ကျဆင်းပြီးပါက စာသင်ကျောင်းများသန့်ရှင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများ စားသောက်ရေးများအခက်အခဲမရှိစေရေးနှင့် ကုန်စည်များစီးဆင်းမှု ကောင်းမွန်စေရေး၊ ခရီးသွားလာမှုများအဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိရပ်ကွက်၊ ကျေးရွာများအတွင်း ရေနစ်မြုပ်မှုကြောင့် အန္တရာယ်မဖြစ်စေရေး၊ ကျန်းမာရေးလိုအပ်မှုများရှိပါက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

နံနက်ပိုင်းကလည်း မူးမြစ်ရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာ ကားလမ်းရေကျော်နေမှု အခြေအနေများ၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများစုပေါင်း၍ ကားလမ်းမကြီးတစ်လျှောက် ကားများလမ်းကြောင်းမှန်မောင်းနှင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုကြပြီး ညောင်ပင်ဝန်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ အားပေးစကား ပြောကြားခဲ့သည်။ **(ယာပုံ)**



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာဝန်းကျင်ရှိ ကားလမ်းမကြီးတစ်လျှောက် ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်စီမံဆောင်ရွက်သွားကြရန်၊ မူးမြစ်ရေဝင်ရောက်သည့် ကာလအတွင်း ဒေသခံပြည်သူများအတွက် စားဝတ်နေရေးကိစ္စရပ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရေး လုပ်ငန်းများအား ဌာနဆိုင်ရာများမှ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



▼ *ရှေ့ဖုံးမှ*

ကရင်ပြည်နယ် ဘားအံမြို့ အထက(ဇာသပြင်)နှင့် အလက(ဇာသပြင်) ၂၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ Shining Star (ကိုယ်ပိုင်အထက်တန်းကျောင်း) တို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆၇၂ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

## ပြည်သူပူးပေါင်းပါဝင်သော မြစိမ်းရောင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေစီမံကိန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်းမှာလည်း ဒီလိုပါပဲ။ မြစိမ်းရောင်စီမံကိန်း သုံးနှစ်ပြည့်သွားချိန်မှာ အတိုးရငွေတွေရဲ့ ၅၀ ရာခိုင်နှုန်းကို ကျေးရွာလူမှုစီးပွားဆိုင်ရာ အဆောက်အအုံတွေ ဆောင်ရွက်ခွင့်၊ ပြင်ဆင်ထိန်းသိမ်းခွင့်တွေ ခွင့်ပြုထားပါတယ်။ လမ်းတွေ၊ ရေတွေ၊ မီးတွေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ ကျေးရွာအတိုးရငွေတွေ ထည့်ဝင်ပြီး ရပ်ရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြပါတယ်။ တကယ်တော့ စီမံကိန်းအတိုးရငွေက ရွာရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် ဆက်သုံးလို့ရသလို ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက်လည်း သုံးစွဲခွင့်ပြုထားပါတယ်။

နိုင်ငံတော်အနေနဲ့ ရန်ပုံငွေတွေအမြဲ မချပေးနိုင်တာမို့ အတိုးရငွေအပြင် ကျေးရွာပြည်သူတွေက သူတို့ရဲ့လုပ်အားတွေ ငွေကြေးတွေ ပူးပေါင်းထည့်ဝင်ပြီးတော့ ရှေ့မှာဆိုခဲ့သလို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ကြတာဖြစ်ပါတယ်။ သူတို့ကိုယ်တိုင် အကောင်အထည်ဖော်တယ်၊ ဌာနက နည်းပညာပေးပြီး ကြီးကြပ်ပေးပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာ ၄၆၃၉ ရွာမှာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၆၅၂၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်သူထည့်ဝင်ငွေကျပ် ၂၂ ဘီလီယံကျော်ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် ပြည်သူတွေရဲ့အားက ဘယ်လောက်ကြီးလဲဆိုတာ မြင်သာပါတယ်။ ပြည်သူပူးပေါင်းပါဝင်မှုရှိတဲ့အခါ ဖွံ့ဖြိုးရေးလုပ်ငန်းတွေရဲ့ ထိရောက်အောင်မြင်မှုက ဆပွားဖြစ်ပါလိမ့်မယ်။

လုပ်ငန်းအားလုံးကို ခြုံငုံသုံးသပ်ပြီး ပြည်သူပူးပေါင်းပါဝင်မှုအနေအထားကို ကြည့်မယ်ဆိုရင် ငွေအား၊ လူအား၊ လုပ်အားတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်နေတာကို အောက်ပါအတိုင်း တွေ့ရှိရပါတယ်-

| စဉ် | လုပ်ငန်းအမျိုးအမည် | ပြည်သူပူးပေါင်းပါဝင်မှု |
|---|---|---|
| ၁ | ကျေးလက်မီးလင်းရေးလုပ်ငန်း (SHS) | ကုန်ကျငွေ၏ ၁၀% မှ ၂၀% အထိ |
| ၂ | ကျေးလက်မီးလင်းရေးလုပ်ငန်း (Mini- Grid) | ကုန်ကျငွေ၏ ၂၀% |
| ၃ | ကျေးလက်ရေပေးရေးလုပ်ငန်း (Better Service) | ကုန်ကျငွေ၏ ၃၅% |
| ၄ | ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP)-ရွာတွင်းလမ်း | ကုန်ကျငွေအား အချိုးကျထည့်ဝင်ရာတွင် ငွေ/ ပစ္စည်း/ လုပ်သား |

### ပြည်သူကို ဗဟိုပြုသည့်အခါဝယ်...

ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ပြည်သူကိုသာ အခြေပြုထား၊ ဗဟိုပြုထားမယ်ဆိုရင် ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုအားတွေ အများကြီးရပါမယ်။ ဝန်ထမ်းတွေသာ ရွာတွေကိုသွားပြီး ရေခွန်ရေခကောက်ရမယ်၊ ရေပေးရေးစနစ်တွေ ထိန်းသိမ်းရမယ်ဆိုရင် ဝန်ထမ်းတွေ အများကြီးခန့်ထားရမယ်။ နိုင်ငံတော်အနေနဲ့ ကုန်ကျစရိတ်တွေ အများကြီးဖြစ်သွားပါလိမ့်မယ်။ ဒါ့ကြောင့် ကော်မတီတွေ ဖွဲ့ပေးပြီး ပြည်သူတွေကို ဗဟိုပြုပြီးတော့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဖွံ့ဖြိုးရေးလုပ်ငန်းတွေက ပိုပြီးအောင်မြင်သွားမှာ ဖြစ်ပါတယ်။

အိမ်တွင်းရေးကို အိမ်သားကသာ အသိဆုံးဆိုသလို မိမိတို့ဒေသရဲ့လိုအပ်ချက်ကို မိမိတို့ပြည်သူကသာ အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံးဖြတ်ဆောင်ရွက်ခွင့်ရရှိပြီး ရွေးချယ်တဲ့ ဦးစားပေးလုပ်ငန်းတွေက လက်တွေ့ကျပြီး ထိရောက်မှုရှိနိုင်ခြေပိုများပါတယ်။ တကယ်လို့ ထိန်းညှိပေးဖို့ လိုအပ်တဲ့အခါမှာလည်း ပြည်သူကို သိရှိနားလည်သဘောပေါက်အောင် ပြောပြပြီး ထိန်းကျောင်းတည့်မတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ပြည်သူပူးပေါင်းပါဝင်မှုရဲ့အားသာချက်ကတော့ ဒေသခံပြည်သူရဲ့ တာဝန်ယူ၊ တာဝန်ခံမှုကို တိုးမြင့်လာစေတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်သူကိုယ်တိုင် ဦးဆောင်စီမံခန့်ခွဲရတဲ့အခါ ပိုမိုဂရုစိုက်ထိန်းသိမ်းလာပြီး အကျိုးခံစားခွင့်တွေ တရားမျှတမှုရှိဖို့ ပြည်သူကိုယ်တိုင် စိတ်ပါဝင်စားကြီးကြပ်လာတဲ့အတွက် အဂတိလိုက်စားမှုကို လျှော့ချပေးပြီး အရင်းအမြစ်တွေကို ပိုမိုပွင့်လင်းမြင်သာစွာ အသုံးပြုနိုင်စေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အုပ်စုဖွဲ့ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့ကျင့်သင်ကြားပို့ချပေးမှုတွေကတစ်ဆင့် ဒေသခံတွေက စီမံကိန်းရေးဆွဲခြင်း၊ ငွေစာရင်းထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးမှုခံယူခြင်း၊ စာရင်းအင်းနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုတွေ ရရှိလာစေမှာ ဖြစ်လို့ ကျေးလက်နေပြည်သူတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မှာဖြစ်တဲ့အပြင် စီမံကိန်းပြီးဆုံးချိန်မှာလည်း နေ့စဉ်လူမှုဘဝမှာ ဆက်လက်အသုံးချနိုင်စေမှာ ဖြစ်ပါတယ်။

### ပြည်သူပူးပေါင်းပါဝင်မှု တိုးမြှင့်လာစေရေး...

ပြည်သူတွေ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အဓိကပါဝင်ဆုံးဖြတ်ခွင့်ရရှိသူ၊ ပင်မအကျိုးခံစားရရှိသူများအဖြစ် ပြောင်းလဲပေးနိုင်မှသာ ကျေးလက်ဒေသတွေဟာ စစ်မှန်တဲ့ဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ်ရေရှည်တည်တံ့မှု၊ တန်းတူညီမျှမှုနဲ့ အခွင့်အလမ်းသစ်တွေ ရရှိလာမှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှု အပြည့်အဝရရှိမှသာ ရေရှည်တည်တံ့တဲ့ ကျေးလက်ဖွံ့ဖြိုးရေးကို ဖော်ဆောင်နိုင်မှာဖြစ်လို့ ပြည်သူကိုဗဟိုပြုပြီး ပြည်သူပူးပေါင်းပါဝင်မှုရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက်အားပေး ဆောင်ရွက်သွားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



## ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အသက် ၁၂၀ ပြည့်ပြီးဖြစ်သော အဘွားဒေါ်စောကြည်အား သွားရောက်တွေ့ဆုံဂါရဝပြု

နေပြည်တော် ဩဂုတ် ၁၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အသက်(၁၀၀)နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၂၄ ဦးရှိပြီး ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အသက် ၁၂၀ ပြည့်ပြီးဖြစ်သော အဘွားဒေါ်စောကြည်အား ယနေ့တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်းသည် သွားရောက်တွေ့ဆုံဂါရဝပြုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လယ်ဝေး မြို့နယ် သာဝတ္ထိကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွင်း ရေဝင်ရောက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအမြဲမပြတ်ဆောင်ရွက်ရန် မှာကြားကာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများပေးအပ်ခဲ့သည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညိုလမ်း မြို့တော်ခန်းမဂိတ်(၃)ရှေ့ လမ်းဘေးဝဲ/ယာ ပလက်ဖောင်းပေါ်ရှိ ရေညှိများအား Water Pressure Pump ဖြင့် ဆေးကြောနေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

## မော်လမြိုင်မြို့နယ်၌ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

မော်လမြိုင် ဩဂုတ် ၁၁

**ခေါင်းဆောင်မှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ကျင့်သုံးရမည့်ဥပဒေ၊ နည်းဥပဒေများကို နားလည်တတ်ကျွမ်းစေရန်၊ အုပ်ချုပ်ရေးမှူးကောင်းများ မွေးထုတ်ရန်၊ ဥပဒေနှင့်အညီ မှန်ကန်စွာ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။**

ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ဒေသတွင်းဖြစ်ပေါ်လာသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်၊ အုပ်ချုပ်ရေးမှူးများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးတက်စေရန်နှင့် ပေးအပ်ထားသော တာဝန်များကို ဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ရန် မှာကြားပြီး သင်တန်းသားများအတွက် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## အမရပူရမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်



**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄ ရွာ၌ ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရေလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အမရပူရမြို့နယ်အတွင်းရှိ တောင်ကိုင်းကျေးရွာအုပ်စု၊ ကင်းဘက်ကျေးရွာအုပ်စု၊ တလင်းကြီးကျေးရွာအုပ်စု၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဆေးအိုးဘိုကျေးရွာအုပ်စု၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ရွှေကြက်ယက်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ ရွာအတွင်း မြစ်ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၆၂ အိမ်၊ အိမ်ထောင်စု ၅၇၄ စု၊ လူဦးရေ ၁၉၈၇ ဦး ရေဘေးသင့်ခဲ့ကာ စိုက်ပျိုးမြေ ဧရိယာစုစုပေါင်း ၄၄ ဧက ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရေဘေးသင့်ပြည်သူများအား တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာရှိ မြရိပ်စိုဓမ္မာရုံ၌ သွားရောက်တွေ့ဆုံအားပေးပြီး ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

ထို့ပြင် မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအုပ်စုများအတွင်း ပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရန်ကုန် - မန္တလေးကားလမ်းရှိ မြစ်ငယ်တံတားကြွခိုင်မှု အခြေအနေကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက် 400 Volt ကာဗာ လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိ

**ဖလမ်း ဩဂုတ် ၁၁**

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက်တွင် 400 Volt ကာဗာ လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိကြောင်း သိရသည်။

ယခင်က ဖလမ်းမြို့နှင့် အနီးအနားရှိ ကျေးရွာများကို မဟာဓာတ်အားလိုင်းမှ တစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပြီး ဖလမ်းမြို့နယ်အတွင်း 400 Volt လျှပ်စစ်ဓာတ်အားပေးလိုင်း ၂၆ မိုင်ရှိသည့်အနက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် 400 Volt လျှပ်စစ်ဓာတ်အားလိုင်း ခုနစ်မိုင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

မဟာဓာတ်အားလိုင်းနှင့် အသေးစားရေအားလျှပ်စစ် စက်ရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းပြင်ဆင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖလမ်းခရိုင်ရုံး အဆောက်အအုံပြုပြင်တည်ဆောက်နေမှု၊ သစ်တောဦးစီးဌာန ခရိုင်ဝန်ထမ်းအိမ်ရာအမိုးများ ပြုပြင်လဲလှယ်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးအဆောက်အအုံ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့နှင့် တွန်းဇံမြို့များအတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တီးတိန်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ တီးတိန်မြို့နယ် ထန်နွဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် နိုင်ငံတော်က ထောက်ပံ့သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာကျောင်း အကျိုးတော်ဆောင်များထံ လွှဲပြောင်းပေးအပ်သည်။



အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြို့နယ်လမ်းဦးစီးဌာန ညှော့ရိပ်သာ၊ လူငယ်သင်တန်းကျောင်း ရုံးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်း(တွန်းဇံ) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်ရှိ အဘိုးဦးသိန်းအောင် အသက် ၁၂၁ နှစ်အား သစ်သီးခြင်း၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်

ရန်ကုန် ဩဂုတ် ၁၁

**ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာအုပ်စု တပ်ရွာကျေးရွာရှိ အဘိုး ဦးသိန်းအောင် အသက် ၁၂၁ နှစ်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကန်တော့ပြီး သစ်သီးခြင်း၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်သည်။** (အပေါ်ပုံ)

ဆက်လက်၍ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန် - ပုသိမ်လမ်းရှိ ဗိုလ်အောင်ကျော်လမ်းမှ မင်္ဂလာလမ်းအထိ ပန်းခြံ၊ ပန်းအလှပင်များ၊ အရိပ်ရအပင်များ၊ လူသွားလမ်း၊ လျှပ်စစ်မီးတိုင်ဆောင်ရွက်နေမှုနှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနှင့် ကျန်စစ်သားလမ်းကြား ပေါင်းကူးလမ်းရှိ Grand Hlaing Thar Yar အိမ်ရာ စီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်ကို ဖွင့်လှစ်ပေးပြီး စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) က စာဖတ်ခြင်း၏ အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဟောပြောရာ စာရေးဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ)အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်၍ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာပေစကားဝိုင်းတို့ကို ကြည့်ရှုအားပေးပြီး ပါဝင်ဆွေးနွေးသူများကို လက်ဆောင်များ ပေးအပ်၍ ပြိုင်ပွဲယှဉ်ပြိုင်မှုအတွက် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို**
**(ပြန်/ဆက်)**

## သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့ပေါ်အနိမ့်ပိုင်း လူနေရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်ပွား

ဘားအံ ဩဂုတ် ၁၁

**ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် ဩဂုတ် ၁၀ ရက် ညနေပိုင်း တိုင်းတာချက်အရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၈၂၃ စင်တီမီတာသို့ရောက်ရှိနေပြီး အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်းသို့ မြစ်ရေများ စီးဝင်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရေဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ဦးစွာ အနိမ့်ပိုင်းလူနေရပ်ကွက်များဖြစ်သော ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အုတ်မှုတ်စိန်လမ်းနှင့် အောင်နန်း(၄)လမ်းလမ်းဆုံ ရော်ဘာခြံ(၄)လမ်း အမှတ်(၂) ရပ်ကွက် သီတာအရှေ့လမ်းတို့တွင် လူနေရပ်ကွက်များအတွင်း သံလွင်မြစ်ရေဝင်ရောက်မှု အခြေအနေနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက သံလွင်မြစ်ရေယခုထက် ပိုမိုမြင့်တက်လာပါက မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးနေထိုင်သူများ ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး၊ ယာယီရေဘေးစခန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေဝင်ရောက်မှုကြောင့် နေအိမ်များတွင် ဆက်လက်နေထိုင်ရန် မသင့်တော့သည့် ပြည်သူများအား ဘေးလွတ်ရာ ယာယီရေဘေးစခန်းများသို့ အချိန်နှင့်တစ်ပြေးညီ ပြောင်းရွှေ့ နေရာချထားပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး ဘားအံမြို့ အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်း ညဈေးတန်းနေရာနှင့် အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း View Point နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး Ms.Gwyn Lewis နှင့် အဖွဲ့အား ဘားအံမြို့ ပြည်ထောင်စုရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး ပြည်နယ်အတွင်း လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး၊ လူသားချင်း စာနာထောက်ထားမှု၊ ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ငဝန်မြစ်ရေတိုက်စားမှုကြောင့် ငဝန်တာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတွင် ငဝန်မြစ်ရေ တိုက်စားမှုကြောင့် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေကျော်စီးဝင်သည့်နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့ နံနက်ပိုင်းတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်နှင့် တာဝန်ရှိသူများသည် အဆိုပါ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံကာရံပိတ်ဆို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တာတမံနိမ့်ကျ၍ ရေကျော်စီးဝင်သည့်နေရာ၌ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်းရောက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ၍ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

Sheet Pile ရိုက်သွင်းရာတွင် သံချောင်းအရေအတွက်မှာ ၂၈၆ ချောင်း ရိုက်သွင်းရမည်ဖြစ်ရာ ယနေ့အထိ ရိုက်သွင်းပြီးစီးမှုမှာ ၅၅ ချောင်း ရိုက်သွင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသောလုပ်ငန်းများအား စက်ယာဉ်/ယန္တရားများဖြင့် လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဟင်္သာတ-မြို့ကွင်း - ကွင်းကောက်လမ်းပေါ်ရှိ ငဝန်တံတား(မြို့ကွင်း)သို့ ရောက်ရှိရာ ငဝန်မြစ်ရေလမ်းကြောင်း စီးဆင်းမှုအခြေအနေနှင့် တံတားကြီးရေတိုက်စားမှုမရှိစေရေး၊ တံတားကြွခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# သဘာဝဘေးအန္တရာယ် အစဉ်သတိပြုကာကွယ်

စောအောင်လင်း

**သဘာဝဆိုသည်မှာ ဖြစ်မြဲသဘော၊ လူတို့၏စီမံဆောင်ရွက်မှုမပါဘဲ အလိုအလျောက်ဖြစ်သောအရာဟု လည်းကောင်း၊ ဘေးဆိုသည်မှာ ကြောက်မက်ဖွယ်ရန်၊ အန္တရာယ်ဟု လည်းကောင်း၊ အန္တရာယ်ဆိုသည်မှာ အနှောင့်အယှက်၊ ဘေးရန်ဟု လည်းကောင်း မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သဘာဝဘေးအန္တရာယ်ကို သဘာဝအတိုင်း တည်ငြိမ်အေးချမ်းရာမှ ရုတ်တရက် ပြောင်းလဲဖောက်ပြန်သော ဖြစ်စဉ်များဟုလည်း ဆိုကြပါသည်။**

> **“ မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းတတ်ပါသည်။ မိုးရာသီ၌ မိုးရွာသွန်းခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော်လည်း တစ်ခါတစ်ရံ အချိန်အခါမဟုတ် မိုးများ ရွာသွန်းတတ်ပါသည်။ ယခုတစ်လော၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်အချို့တွင် မိုးတိမ်တောင်ကြီးများ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်ကြီးများ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အကြံပြုချက်များ ထုတ်ပြန်ပေး ”**

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ရခြင်းမှာ ကမ္ဘာ့အပူချိန်မြင့်တက်လာမှု၊ လူဦးရေတိုးတက်များပြားလာမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ချဲ့ထွင်လာမှုနှင့် သစ်တောများ ပြုန်းတီးလာမှုများကြောင့် ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များမှာ အပူလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ မီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဆူနာမီလှိုင်းမြင့်တက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း စသည်တို့ ဖြစ်သည်။ ထိုအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ သက်ရှိသတ္တဝါများ သေကျေပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

ရှေးလူကြီးများက **“ ဗုဒ္ဓဟူး၊ စနေ ဆန်းတုံစေမူ၊ တောင်လေသုတ်ဖြူး၊ တဟူးဟူးနှင့်၊ မိုးဦးလည်းခေါင်၊ မိုးလယ်ရှောင်ကွင်း၊ မိုးနှောင်းဖျင်းအံ့”** ဆိုစကားအရ မြန်မာနှစ်ဆန်း ၁ ရက်နေ့သည် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့ဖြစ်ခဲ့ပါက မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလများတွင် မိုးခေါင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ငှက်များ အသိုက်ဆောက်ရာတွင် အနိမ့်အမြင့်ကို ကြည့်၍ လည်းကောင်း၊ ပုရွက်ဆိတ်နှင့် ပလူကောင်များ တွင်းအောင်းနေရာမှ အဝင်အထွက်ကိုကြည့်၍ လည်းကောင်း၊ ကြက်တွန်သံ၊ ကျီးကန်းအသိုက်၊ ပုစွန်တွင်း၊ ဘီလုံးငှက်များ၏ အလေ့အထကိုကြည့်၍လည်းကောင်း၊ သင်္ကြန်အကျနေ့တွင် ရှားပင်ကို ဓားဖြင့် တစ်ထစ်စီထစ်ပြီး စီးကျလာသည့်အရည် အနည်းအများကိုကြည့်၍ လည်းကောင်း မိုးရာသီအခြေအနေကို ခန့်မှန်းခဲ့ကြသည်။

ယခုအခါ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခေတ်မီကိရိယာများဖြင့် တိုင်းတာ၍ မိုးလေဝသ ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်ပေးလျက်ရှိသည်။ သို့ရာတွင် တိုင်းတာတွက်ချက်ပြီး ကြိုတင်ခန့်မှန်း၍ မရနိုင်သော သဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပေါ်တတ်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမြဲမပြတ်သတိပြုဆောင်ရွက်ကြရပါမည်။ မျက်မှောက်ကာလတွင် အများဆုံးဖြစ်ပေါ်တတ်သည့်သဘာဝဘေးအန္တရာယ်အချို့နှင့် ပြင်ဆင်ထားသင့်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တင်ပြလိုပါသည်။

**အပူလှိုင်းဖြတ်ခြင်း**

သစ်တောသစ်ပင်များ၊ သဘာဝသယံဇာတများ အလွန်အကျွံထုတ်ယူခြင်းကြောင့် သစ်တောများပြုန်းတီးလာပြီး ဂေဟစနစ်များပျက်စီးကာ အပူချိန်များ မြင့်တက်လာသည်။ ယခင်နှစ်များက မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် အပူချိန်များ မြင့်တက်ခဲ့ပြီး ကမ္ဘာ့အပူချိန် အမြင့်ဆုံးစာရင်းတွင် ပါဝင်လာခဲ့သည်။ ယခုနှစ်တွင်လည်း ဒေသအချို့၌ အပူချိန် မြင့်မားမှုများ ရှိနေသည်။ အပူချိန်မြင့်မားမှုကြောင့် ရေရှားခြင်း၊ လူသားများ၏ ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပွားနိုင်ပါသည်။

အပူလှိုင်းဖြတ်ခြင်း၊ အပူချိန်မြင့်တက်ခြင်းတို့ကို ကာကွယ်ရန်မှာ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်း၊ စည်းကမ်းမဲ့ခုတ်ထွင်မှုများကို တားဆီးခြင်း၊ ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီမည့် အပင်ကြီးမျိုးသစ်ပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးအပင်များ ရှင်သန်ဖြစ်ထွန်းရေး ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရပါမည်။ လယ်ယာစိုက်ပျိုးရေးတွင် ရာသီဥတုနှင့် ကိုက်ညီမည့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေဖူလုံစွာရရှိရေးအစီအမံများ ကြိုတင်စီစဉ်ထားခြင်းများ ဆောင်ရွက်ထားရပါမည်။

ကျန်းမာရေးအတွက် ကျန်းမာရေးဌာနမှ အသိပညာပေးချက်များ လိုက်နာခြင်း၊ ရေကို ကျိုချက်သောက်ခြင်း၊ သောက်သုံးရေနှင့် အစားအစာများကို ကြိုတင်စုဆောင်းထားခြင်း၊ သွားလာနေထိုင်မှု ဆင်ခြင်ခြင်းတို့ကို ဆောင်ရွက်ကြရပါမည်။

**မိုးခေါင်ရေရှားခြင်း**

မိုးခေါင်ရေရှားခြင်းကြောင့် ပူပြင်းခြောက်သွေ့သည့်ကာလ ကြာရှည်ခြင်း၊ ရေတွင်းရေကန်များ ရေနည်းလာခြင်း၊ ရေခန်းခြောက်လာခြင်း၊ အပူချိန်မြင့်တက်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုနည်းပါးခြင်း၊ လူသားများ၏ ကျန်းမာရေးထိခိုက်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။

စိုက်ပျိုးရေ ကြိုတင်စုဆောင်းထားခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံမျိုးစေ့များကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာဌာနများမှ သတိပေးနှိုးဆော်ချက်များနှင့် အကြံပြုချက်များကို လိုက်နာခြင်း၊ ရေကို ချွေတာသုံးစွဲခြင်း၊ သုံးရေချိုးရေများကိုသင့်လျော်သည့်နေရာများတွင်ပြန်လည်အသုံးချခြင်းများ ဆောင်ရွက်ကြရပါမည်။ ကျန်းမာရေးအတွက် ကျန်းမာရေးဌာနမှ သတိပေးနှိုးဆော်ချက်များ လိုက်နာနေထိုင်ကြရန် လိုအပ်ပါသည်။

**မီးလောင်ကျွမ်းခြင်း**

မီးလောင်ကျွမ်းမှုများသည် ရာသီမရွေး၊ အချိန်မရွေး၊ နေရာမရွေးဖြစ်ပွားတတ်ပါသည်။ မီးလောင်ခြင်းသည် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မသမာသူတို့၏ ရှို့မီး၊ တောမီး၊ အလိုအလျောက်မီး စသည်ဖြင့် ဖြစ်ပွားတတ်ပါသည်။ လူနေအိမ်ခြေများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်မိုတယ်များ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ သိုလှောင်ရုံများနှင့် စက်ရုံအလုပ်ရုံများ ပိုမိုများပြားလာခြင်းကြောင့် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားလာသည်။ ဖြစ်စဉ်အများစုမှာ ပေါ့ဆမီးနှင့် လျှပ်စစ်မီးများကြောင့် ဖြစ်ကြသည်။

၂၀၂၄ ခုနှစ် တစ်နှစ်တည်းမှာပင် တစ်နိုင်ငံလုံး မီးလောင်ကျွမ်းမှု အကြိမ် ၁၁၅၀ ဖြစ်ပွားခဲ့ပြီး မီးလောင်ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်း ကျပ်သန်းပေါင်း ၉၄၀၀ ရှိခဲ့ကြောင်း သိရပါသည်။ မီးဘေးအန္တရာယ်သည် အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသကဲ့သို့ လူသားများ၏ အသက်များ ပေးဆပ်ရသည်အထိ ဖြစ်ပွားတတ်ပါသည်။

မီးဘေးအန္တရာယ်သည် မမျှော်လင့်ဘဲ ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်သော်လည်း ကြိုတင်ကာကွယ်ခြင်းဖြင့် လျှော့ချနိုင်ပါသည်။ မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန် မီးကို စနစ်တကျသုံးစွဲခြင်း၊ မီးသတ်တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းထားခြင်း၊ မီးငြိမ်းသတ်ရေးကိရိယာများ အသင့်ပြင်ဆင်ထားခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုး၊ မီးပလပ်၊မီးခေါင်းများ ဟောင်းနွမ်းဆွေးမြည့်နေပါက အသစ်လဲလှယ်အသုံးပြုခြင်း၊ မီးလောင်နိုင်သည့် ပစ္စည်းများနှင့် လောင်စာဆီများကို မီးနှင့်ဝေးသည့် နေရာတွင်ထားရှိခြင်း၊ ရုံးဌာနများ၊ စက်ရုံအလုပ်ရုံများ၊ သိုလှောင်ရုံများ၊ စက်သုံးဆီအရောင်းဆိုင်များမှ ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ အကူအညီဖြင့် သင်တန်းပေးခြင်း၊ အသိပညာပေးခြင်း၊ မီးငြိမ်းသတ်ရေး သရုပ်ပြအစီအစဉ်များ ဆောင်ရွက်ခြင်း၊ သရုပ်ပြ လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရပါမည်။

**မိုးသည်းထန်စွာရွာသွန်းခြင်း**

မိုးဦးကာလနှင့် မိုးနှောင်းကာလများတွင် **မိုးသည်းထန်စွာ ရွာသွန်းတတ်ပါသည်။ မိုးရာသီ၌ မိုးရွာသွန်းခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ဖြစ်သော်လည်း တစ်ခါတစ်ရံ အချိန်အခါမဟုတ် မိုးများ ရွာသွန်းတတ်ပါသည်။ ယခုတစ်လော၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်အချို့တွင် မိုးတိမ်တောင်ကြီးများ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်ကြီးများ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အကြံပြုချက်များ ထုတ်ပြန်ပေးနေပါသည်။**

မိုးသည်းထန်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးရခြင်း၊ ပုံမှန်စိုက်ပျိုးရမည့်ကာလတွင် မစိုက်ပျိုးနိုင်ခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားခြင်း၊ လမ်းတံတားများ၊ လူနေအိမ်ခြေများ၊ သဘာဝ အရင်းအမြစ်များ၊နိုင်ငံတော်၏ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ တောင်ပြိုခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန် မိုးလေဝသ ကြိုတင်ခန့်မှန်းချက်၊ သတိပေးချက်နှင့် အကြံပြုချက်များကို လေ့လာ၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရပါမည်။

**မုန်တိုင်းတိုက်ခတ်ခြင်း**

မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်က ရခိုင်ပြည်နယ် မုန်တိုင်း၊ ၂၀၀၈ ခုနှစ်က ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၄၅ မိုင်နှုန်းတိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်း၊ ၂၀၂၃ ခုနှစ် မေလက ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် စက်တင်ဘာလက တိုက်ခတ်ခဲ့သည့် ရာဂီမုန်တိုင်းတို့က အပြင်းထန်ဆုံးနှင့် ဆုံးရှုံးမှုအများပြားဆုံး ဖြစ်ခဲ့ပါသည်။ ဆုံးရှုံးမှု တန်ဖိုးများမှာ နာဂစ်မုန်တိုင်းကြောင့် ကျပ် ၁၁ ထရီလီယံကျော်နှင့် လူပေါင်း ၁၄၀၀၀၀ ကျော် သေဆုံးခဲ့ခြင်း၊ မိုခါမုန်တိုင်းကြောင့် ကျပ် ၅၃၄ ဒသမ ၁၄၆ ဘီလီယံကျော်နှင့် ရာဂီမုန်တိုင်းကြောင့် ကျပ် ၄၆၆ ဒသမ ၂၃၁ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရုပ်ဝတ္ထုပစ္စည်းများ ဆုံးရှုံးခဲ့ရသည့် အပြင် လူနှင့် အိမ်မွေးတိရစ္ဆာန်များနှင့် အခြားပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။

မိုးလေဝသ သတင်းများကို အမြဲနားထောင်၍ ကြိုတင်ပြင်ဆင်ထားခြင်း၊ ပတ်ဝန်းကျင်အား အသိပေး မျှဝေခြင်း၊ အရေးပေါ်သုံးပစ္စည်းများနှင့် သက်ကယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်း၊ အရေးပေါ်ပြောင်းရွှေ့နိုင်မည့်နေရာ၊ လမ်းကြောင်းနှင့် မိသားစုဆုံရပ်များ ကြိုတင်သတ်မှတ်၍ အသိပေးထားခြင်း၊ အရေးပေါ်သုံးပစ္စည်း၊ ဆေးဝါး၊ ရိက္ခာခြောက်၊ အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိခြင်း၊ မိသားစုများနှင့် ကွဲသွားပါက ပြန်လည်ဆက်သွယ်နိုင်မည့် အစီအစဉ်များကို အသိပေးထားခြင်း၊ မုန်တိုင်းတိုက်ခတ် ပြီးဆုံးသွားပါက နေအိမ်ပျက်စီးမှု၊ ခိုင်ခံ့မှုများနှင့် အဆိပ်ရှိတိရစ္ဆာန်များရှိမရှိစစ်ဆေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေ ရေသန့်၊ ကျိုချက်ထားသောရေများကိုသာ သောက်သုံးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရပါမည်။

**ငလျင်လှုပ်ခြင်း**

သဘာဝဘေးအန္တရာယ်အချို့သည် ကြိုတင်သိရှိနိုင်၍ တိုင်းတာတွေ့ရှိချက်များကို ကြိုတင်သတိပေးမှုများအရ သိရှိနိုင်သော်လည်း ငလျင်လှုပ်ခြင်းမှာ မည်သည့်အချိန်၊ မည်သည့်ဒေသတွင် အင်အားမည်မျှဖြင့် လှုပ်ခတ်မည်ကို ကြိုတင်ခန့်မှန်း၍ မရနိုင်သေးပါ။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က အင်အား ၇ ဒသမ ၇ ရစ်ချ်တာစကေးဖြင့် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လူနေအိမ်ခြေများ၊ လမ်း၊ တံတား၊ အဆောက်အအုံများစွာ ပျက်စီးခဲ့ရပြီး ကျပ် ၃၆၂၉ ဒသမ ၂၈၈ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပါသည်။ ထို့ပြင် ပြည်သူများ၏ အသက်များကိုပါ ပေးဆပ်လိုက်ရသည့် သဘာဝဘေးအန္တရာယ်ကြီးဖြစ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်း၊ ကဘော်၊ မြောက်ဦး၊ ကျောက်ကြမ်း ပြတ်ရွေ့ကြီး လေးခုရှိရာ ထိုငလျင်ကြောများနှင့် နီးစပ်သည့်ဒေသတွင် နေထိုင်သူများက မလှုပ်ခတ်မီ မည်ကဲ့သို့ ပြင်ဆင်ထားရမည်ကို လေ့လာထားခြင်း၊ လှုပ်ခတ်ပါက ပြုမူနေထိုင်ရမည့် နည်းလမ်းများ၊ လှုပ်ခတ်ပြီးချိန်တွင် ဆောင်ရွက်ရမည့် အစီအစဉ်များကို မိသားစုနှင့် ပတ်ဝန်းကျင်ကို အသိပေးထားခြင်း၊ ငလျင်လှုပ်ခတ်ပြီးပါက အစိုးရမှ ထုတ်ပြန်သည့် သတင်းများကို နားထောင်၍ အသိပေးချက်၊ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ အင်အားကြီးမားသည့် ငလျင်ကြီးများ လှုပ်ခတ်ပြီးပါက နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်တတ်သည်ကို သတိပြုခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ခန္ဓာကိုယ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဂရုပြုခြင်းတို့ကို ဆောင်ရွက်ကြရပါမည်။

လူသားတို့သည် သဘာဝပတ်ဝန်းကျင်များအပေါ် မှီတင်းနေထိုင်ကြရသကဲ့သို့ သဘာဝဘေးအန္တရာယ်များ၏ ဆိုးကျိုးများကိုလည်း ခံစားကြရပါသည်။ သဘာဝဘေးအန္တရာယ်များသည် ရပ်တန့်ထား၍မရ၊ တားဆီးထား၍ မရနိုင်ပါ။ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် အနည်းနိုင်ဆုံးဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်ချက်၊ အကြံပြုချက်များ ထုတ်ပြန်ပေးခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

**သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အွန်လိုင်းမီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးဖော်ပြလျက်ရှိရာ အမြဲမပြတ်လေ့လာ၍ လိုက်နာဆောင်ရွက်သွားကြခြင်းဖြင့် သဘာဝဘေးအန္တရာယ်များကို အစဉ်သတိပြု၍ ကာကွယ်သွားနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။** ။

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၁**
တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်အရ ပြည်နယ်တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲမှုကို လွှတ်တော်သို့ ဖတ်ကြားကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ငါးဦးက ကြယ်ပွင့်ပြမေးခွန်း ငါးခုကို မေးမြန်းရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အစားထိုးခန့်အပ် တာဝန်ပေးနိုင်ရန် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၃၀၉၀၇ ဗိုလ်မှူးကြီး စိုးရန်နောင်၏ အမည်စာရင်းအား ပြည်နယ်လွှတ်တော်သို့တင်ပြရာ အဆိုပြုတင်သွင်းလာသည့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်နယ်လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြည်း ၃၀၉၀၇ ဗိုလ်မှူးကြီး စိုးရန်နောင်အား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေး သဘောတူအတည်ပြုကြောင်း ကြေညာ၍ အစည်းအဝေး ပထမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**







# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပ

**မုံရွာ ဩဂုတ် ၁၁**
တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လွှတ်တော်အဆောက်အအုံရှိ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့ပြင် ကြယ်ပွင့်ပြမေးခွန်း ကိုးခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးများက ဖြေကြားကြပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ အသုံးစရိတ်စာရင်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းက လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ အသုံးစရိတ်စာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် ပဉ္စမနေ့ကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်ဦးမြို့၌ ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၅၉၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးလျက်ရှိ

**ညောင်ဦး ဩဂုတ် ၁၁**
ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းဘေးနေအိမ်များနှင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ် (၁) ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် (၄)ရပ်ကွက်၊ အမှတ်(၅) ရပ်ကွက်နှင့် အမှတ်(၇)ရပ်ကွက်တို့တွင် မြစ်ရေဝင်ရောက်လျက်ရှိသည်။

ထိုသို့ မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၅၂စု၊ လူဦးရေ ၅၉၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ကူညီပြောင်းရွှေ့ပေးလျက်ရှိပြီး ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့်နေရာများတွင် ကူညီထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် နေရာများကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ယာယီဥက္ကဋ္ဌ ဦးလှိုင်ကျော်စိုးနှင့် အဖွဲ့က ယနေ့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**



# နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၁-၈-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ခန္တီးမြို့ | ၃၆.၈ | ၉၈.၂ |
| ၂။ | ပူတာအိုမြို့ | ၃၅.၃ | ၉၅.၅ |
| ၃။ | မန္တလေးမြို့ | ၃၅.၂ | ၉၅.၄ |
| ၄။ | မုံရွာမြို့ | ၃၅.၁ | ၉၅.၂ |
| ၅။ | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၅.၀ | ၉၅.၀ |
| ၆။ | စစ်ကိုင်းမြို့ | ၃၅.၀ | ၉၅.၀ |
| ၇။ | ညောင်ဦးမြို့ | ၃၄.၅ | ၉၄.၁ |
| ၈။ | ကလေးဝမြို့ | ၃၄.၅ | ၉၄.၁ |
| ၉။ | မြင်းမူမြို့ | ၃၄.၅ | ၉၄.၁ |
| ၁၀။ | ကျောက်ဆည်မြို့ | ၃၄.၃ | ၉၃.၇ |

# ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် ဒုဋ္ဌဝတီ မြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**
ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် လည်းကောင်း၊ ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် လည်းကောင်း၊ ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ၂၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် လည်းကောင်း ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက် တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၀ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၅ စင်တီမီတာ ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့နှင့် မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအတွင်း အိမ်ရာစီမံကိန်းများနှင့် တက္ကသိုလ်များတွင် အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၁**

မန္တလေးတိုင်း ဒေသကြီးတွင် မန္တလေးလျှပ်စစ်ဓာတ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အသစ်တည်ဆောက်လျက်ရှိသည့် အရာထမ်းကြီး၊ အရာထမ်းနှင့် အမှုထမ်းအိမ်ရာများ တည်ဆောက်ခြင်းစီမံကိန်း လုပ်ငန်းခွင်တွင် ဝန်ထမ်းအိမ်ရာ ၂၆ လုံး စုစုပေါင်း အခန်း ၃၈၆ ခန်းနှင့် ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ Recreation Center ၁၈၆ ပေx ပေ ၁၆၀ အဆောက်အအုံများ၏ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်မိုးသက်နှင့်အတူ နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အဆောက်အအုံများ တည်ဆောက်ရာတွင် Myanmar National Building Code 2025 ကို ထုတ်ပြန်ထားပြီးဖြစ်၍ သတ်မှတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်သွားရန်နှင့် ငလျင်ဒဏ်ခံနိုင်စေရေး ထည့်သွင်း တည်ဆောက်သွားရန်၊ အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးများ စံချိန်စံညွှန်းများအတိုင်း တည်ဆောက်သွားမှသာ ရေရှည်တည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း၊ အရည်အသွေးစစ်ဆေးရေး အဖွဲ့များကလည်း လုပ်ငန်းစဉ်အဆင့်လိုက် စစ်ဆေးဆောင်ရွက်ရမည့်အတိုင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆောက်အအုံများ အရည်အသွေးနှင့် လက်ရာလက်သား ကောင်းမွန်စေရေး သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးစေရေးတို့ကို တာဝန်ရှိသူများက အလေးထား ဆောင်ရွက်ရမည်ဖြစ်ပြီး လမ်း၊ ရေနှင့် လျှပ်စစ်မီးစသည့် Infrastructure များ တစ်ပြိုင်နက် ပြီးစီးအောင် ဆောင်ရွက်သွားရန်တို့အား လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတက္ကသိုလ် အဆောက်အအုံ အချောသပ်ပင်မဆောင် မူလပုံစံမပျက် ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ရတနာပုံတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမနှင့် Recreation Center ၁၈၆ ပေx ပေ ၁၆၀ တည်ဆောက်ပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုပြီး ရေသန့်၊ လျှပ်စစ်စသည့် လုပ်ငန်းများလည်း တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

**သတင်းစဉ်**

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့်၊ ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့သဖြင့် ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ သိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာ ခြောက်ရွာ၊ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၁၈၈ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးသင့် ပြည်သူများအား ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်း ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သန့်ရှင်းရေးဆောင်ရွက်နေမှုများအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❒ *ကျောဖုံးမှ*

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန် အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၀နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ တော်ရွက်ရပ်ကွက် မင်္ဂလာမူဆယ်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အား ဖုန်းမျိုးစုံ ၈၅ လုံး၊ All In One ကွန်ပျူတာ ၁၁ လုံး၊ Star Link နှစ်လုံး၊ Power Station နှစ်လုံး၊ Laptop လေးလုံး၊ UPS တစ်ခု၊ ဆိုင်ကယ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်း လိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




မူဆယ်မြို့ တော်ရွက်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ၆၀ အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြ မြေပုံ။





မူဆယ်မြို့ တော်ရွက်ရပ်ကွက်၌ တရုတ်နိုင်ငံသား အမျိုးသား ၆၀ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေအိမ်နှင့် လုပ်ငန်းနေရာ အား တွေ့ရစဉ်။

---

◆ *ကျောဖုံးမှ*

သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ယူဂန်ဒါနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှု ကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃ (၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ပင်နယ်တီ အဆုံးအဖြတ်တွင် သုံးဂိုး-ငါးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ယခုနှစ် ခြေစစ်ပွဲစဉ်တွင် အိမ်ကွင်း အားသာချက်၊ ပရိသတ်များ၏ အားပေးမှုတို့နှင့်အတူ အသာစီးရရှိအောင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယခုပွဲစဉ်တွင် အနိုင်ရရှိပါက AFC Challenge League (ACGL) ပြိုင်ပွဲ၏ အုပ်စုအဆင့် (Group Stage) သို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲပုံစံသတ်မှတ်ချက်အရ ပြီးခဲ့သည့်နှစ် မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ACGL အုပ်စုအဆင့်သို့ တိုက်ရိုက်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

---

✪ *ကျောဖုံးမှ*

ယခုနှစ်ကျင်းပသည့် ရေနံမြေသခင်ဖိုးလှကြီးဒိုင်း အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် ပထမဆု ကျပ်သိန်း ၂၀၀၊ ဒုတိယဆု ကျပ်သိန်း ၁၀၀ အပါအဝင် အခြားသောအားကစားဆိုင်ရာ ထူးချွန်ဆုများကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-SMA**

---

✻ *ကျောဖုံးမှ*

ထိုသို့ပြည်ပကစားသမားသစ်များ ခေါ်ယူရာတွင် ဂါနာနိုင်ငံသားများဖြစ်ကြသည့် စတီဖင် အိုဝူဆူ ဘာနာဟီနီနှင့် အဲဗာရက်ဘိုတန်၊ ပြင်သစ်နိုင်ငံသား ရိုဒရီဂွက် နာနီတယ်လာမီယို၊ ရုရှားနိုင်ငံသား ဒန်နီလ် တိုကာရက်ဗ်နှင့် ဘရာဇီး အထောင်တိုက်စစ်မှူး ဒွေါဆန်းတို့စ်တို့ကို အားဖြည့်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက် (၃၁) နှစ်အရွယ် စတီဖင် အိုဝူဆူ ဘာနာဟီနီသည် ဂါနာပရီမီယားလိဂ်ကလပ် Ashanti Gold နှင့် Bibiani Gold Stars အသင်းတို့တွင် ကစားခဲ့သည့် အတွေ့အကြုံရင့်ကစားသမားတစ်ဦးဖြစ်ပြီး ခံစစ်နှင့် ဗဟိုကွင်းလယ်နေရာများတွင် ကျွမ်းကျင်စွာ ကစားနိုင်သူ ဖြစ်သည်။

အသက် (၂၃) နှစ်၊ အရပ် ၆ ပေ ၂ လက်မရှိ အဲဗာရက်ဘိုတန်သည် အမြင့်ဘောယှဉ်ပြိုင်မှုများတွင် အားသန်သည့် ဗဟိုခံစစ်ကစားသမားဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ရာသီက MNL II ပြိုင်ပွဲတွင် Yangon City အသင်းနှင့်အတူ ပါဝင်ကစားခဲ့ဖူးသဖြင့် မြန်မာ့ဘောလုံးလောကနှင့် ရင်းနှီးပြီးသား ကစားသမားဖြစ်သည်။

ပြင်သစ်နိုင်ငံသား ဗဟိုခံစစ်ကစားသမား ရိုဒရီဂွက် နာနီတယ်လာမီယိုသည် ပြင်သစ်၊ စပိန်၊ စကော့တလန်၊ ဗီယက်နမ်နှင့် မလေးရှားအပါအဝင် ဥရောပနှင့် အာရှကလပ်များစွာတွင် လှည့်လည်ကစားခဲ့ဖူးသဖြင့် အတွေ့အကြုံရင့် ကစားသမားတစ်ဦး ဖြစ်သည်။

အသက် (၂၁) နှစ်အရွယ် လူငယ်တောင်ပံကစားသမား ဒန်နီလ် တိုကာရက်ဗ်သည် ဘယ်/ညာ တောင်ပံနှစ်ဖက်စလုံးတွင် ကစားနိုင်သူဖြစ်သည်။ ၎င်းသည် Spartak Moscow ၊ FC Krasnodar ၊ FC Kuban နှင့် Torpedo Moscow စသည့် ရုရှားကလပ်များ၏ လူငယ်အကယ်ဒမီများတွင် လေ့ကျင့်ရေးဆင်းခဲ့သူ ဖြစ်သည်။

ဘရာဇီး အထောင်တိုက်စစ်မှူး ဒွေါဆန်းတို့စ်သည် ဘရာဇီးနှင့် ပေါ်တူဂီကလပ်များအပြင် ထိုင်းလိဂ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံရှိ တိုက်စစ်မှူးတစ်ဦး ဖြစ်သည်။

**နေမျိုး**
**ဓာတ်ပုံ-SUFC**

---

❋ *ကျောဖုံးမှ*

တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၃၁ နှစ်အရွယ် စဗီတိုလီနာသည် သုံးလအတွင်း ဆီမီးဖိုင်နယ်သို့ တစ်ကျော့ပြန်တက်လှမ်းနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ၎င်းသည် နေရှင်နယ်ဘဏ် အိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် မာနေရိုး၊ ၃၂ ဦးအဆင့်တွင် ပိုတာ ပိုဗာ၊ ၁၆ ဦးအဆင့်တွင် အနီဆီမိုဗာတို့ကိုလည်း အဆင့်ဆင့်ကျော်ဖြတ်ထားသူ ဖြစ်သည်။

၎င်းသည် ဆီမီးဖိုင်နယ်တွင် ပိုလန်နာမည်ကြီး ထိပ်တန်းတင်းနစ်မယ် အီဂါရှီယွန်တက်ခ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ရှီယွန်တက်ခ်သည် ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ရှနိုက်ဒါကို ၆-၂၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဆီမီးဖိုင်နယ် တက်လှမ်းလာသူဖြစ်သည်။

**အောင်ဇော်**

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# ကိုလံဘီယာ၌ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၃၀ ကျော်နှင့် ဒဏ်ရာရသူ ၅၇၀ ကျော်ရှိလာ




**ဘိုဂိုတာ ဩဂုတ် ၁၁**
ကိုလံဘီယာနိုင်ငံတွင် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူပေါင်း ၁၃၂ ဦးအထိရှိလာကြောင်း သိရသည်။ ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ အဆိုပါငလျင်မှာ ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် နိုင်ငံအနောက်ပိုင်း၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်မှုကြောင့် မြို့အများအပြားတွင် အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ လူပေါင်း ၁၃၂ ဦး သေဆုံးပြီး ၅၇၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံအစိုးရအဖွဲ့များထံမှ ရရှိသောအချက်အလက်များကို ဒေသမီဒီယာများက ကိုးကားဖော်ပြထားသည်။ အဆိုပါသေဆုံးသူများတွင် ငလျင်ဗဟိုချက်နှင့်နီးသော ပါရဲရားမြို့၌ သေဆုံးသူ ၆၀ နှင့် ငလျင်ဗဟိုချက်မှ ကီလိုမီတာ ၁၆၀ ခန့်ကွာဝေးသော အနောက်တောင်ဘက်ရှိ ကာလီမြို့၌ သေဆုံးသူ ၁၅ ဦးပါဝင်ကြောင်း သိရသည်။

ကိုလံဘီယာသမ္မတ အာဘီလာဒိုဒီလာအက်စပရီရယ်လာက အရေးပေါ်အခြေအနေ ကြေညာသွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကို အားသွန်ခွန်စိုက် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ၎င်းသည် သမ္မတတာဝန် စတင်ထမ်းဆောင်ခဲ့သည်မှာ ရက်ပိုင်းမျှသာရှိသေးကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဗင်နီဇွဲလားငလျင်လှုပ်မှုမှ သေဆုံးသူပေါင်း ၆၃၀၀ ကျော်လာ

**ကာရာကပ်စ် ဩဂုတ် ၁၁**
ဗင်နီဇွဲလားနိုင်ငံတွင် ဇွန် ၂၄ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် သေဆုံးသူပေါင်း ၆၃၀၁ ဦးအထိ မြင့်တက်လာကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဂျော့ရိုဒရီဂွက်ဇ်၏ ဩဂုတ် ၁၀ ရက်က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

အာဏာပိုင်များသည် နေအိမ်ပေါင်း ၅၃၃၁၄ အိမ်ကို စစ်ဆေးတွက်ချက်ခဲ့ပြီးဖြစ်ရာ ၎င်းတို့အနက် နေအိမ်ပေါင်း ၃၁၃၃၆ အိမ်မှာ နေထိုင်ရန်သင့်တော်ကြောင်း၊ ၁၂၄၁၁ လုံးမှာ ထိခိုက်ပျက်စီးမှုများကြောင့် နေထိုင်ရန်မသင့်တော်သည့် အဆင့်အဖြစ် သတ်မှတ်ကာ အခြား ၉၅၆၇ အိမ်မှာ အန္တရာယ်ရှိနိုင်ခြေအမြင့်မားဆုံးအဖြစ် ခွဲခြားသတ်မှတ်ထားသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်၌ ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ရှစ်ဦးသေဆုံး

**မနီလာ ဩဂုတ် ၁၁**
ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းနှင့် မုတ်သုံမိုးရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ပြီး လူ ရှစ်ဦး သေဆုံးကာ လူပေါင်း ၂၀၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရသည်။

မြေပြိုခြင်းနှင့် အခြားသဘာဝဘေးအန္တရာယ်များကြောင့် လူရှစ်ဦးထက် မနည်းသေဆုံးခဲ့ပြီး လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းကြောင့် လူပေါင်း ၂၂၀၀၀ ခန့် အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရ သည်ဟု အာဏာပိုင်များက ပြောသည်။ မနီလာမြို့အနီး ကွီဇွန်စီးတီးရှိ ကယ်ဆယ်ရေးစခန်းတွင် ယာယီတဲများထိုးထားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများလည်း ရောက်ရှိနေပြီဖြစ်သည်။ အဆိုပါနေရာတွင် လူပေါင်း ၁၇၀၀ ခန့် ခိုလှုံနေထိုင်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## DRC ၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမှာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် အကြီးမားဆုံး ဖြစ်လာ

**ကင်ရှာဆာ ဩဂုတ် ၁၁**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တွင် အီဘိုလာရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၂၀၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးအာဏာပိုင်များက ဩဂုတ် ၁၁ ရက်တွင် ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

DRC နိုင်ငံတွင် အတည်ပြုထားသော အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၈၁ ဦးနှင့် သေဆုံးသူ ၂၀၁၁ ဦး ရှိလာပြီဖြစ်ကြောင်း၊ ယင်းရောဂါကူးစက်ဖြစ်ပွားမှုသည် DRC နိုင်ငံသမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ၂၀၁၄-၂၀၁၆ ခုနှစ် အနောက်အာဖရိက အီဘိုလာကပ်ရောဂါပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် အကြီးမားဆုံး အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## အိုမန်ပင်လယ်ကွေ့တွင် ကုန်တင်သင်္ဘော တိုက်ခိုက်ခံရ

**လန်ဒန် ဩဂုတ် ၁၁**
အိုမန်ပင်လယ်ကွေ့ အရှေ့ဘက်အစွန်အဖျားဒေသတွင် ဩဂုတ် ၁၁ ရက်က ကုန်တင်သင်္ဘောတစ်စင်း တိုက်ခိုက်ခံခဲ့ရသည်။ ယင်းဖြစ်စဉ်ကြောင့် သင်္ဘောသားများက အရေးပေါ်အကူအညီတောင်းခံသည့် သတင်းပို့ချက်များပေးပို့ခဲ့ပြီး သင်္ဘောကို စွန့်ခွာရန် ပြင်ဆင်ခဲ့ကြောင်း သင်္ဘောသားတစ်ဦးက ပြောကြားသည်။ သင်္ဘောများအကြား ရေဒီယိုဆက်သွယ်ပြောဆိုမှုများအရ တိုက်ခိုက်ခံရသည့် သင်္ဘောမှာ ဗီလာနီဗာအမည်ရှိ ကုန်တင်သင်္ဘောဖြစ်ပြီး သင်္ဘောပေါ်တွင် သင်္ဘောသား ၁၇ ဦး လိုက်ပါလာခဲ့သည်။ **ဆင်ဟွာ**

## ထိုင်းနိုင်ငံတစ်ဝန်း သေနတ်ထိန်းချုပ်မှု တင်းကျပ်ရန် ဝန်ကြီးချုပ် အမိန့်ထုတ်ပြန်၊ သေနတ်ဝယ်ယူခွင့်ပြုမိန့်များ ရပ်ဆိုင်း

**ဘန်ကောက် ဩဂုတ် ၁၁**
သေနတ်ဝယ်ယူခွင့်လိုင်စင်များကို ယာယီရပ်ဆိုင်းခြင်း၊ တရားမဝင်ကိုင်ဆောင်ထားသည့် သေနတ်များနှင့် မှောင်ခိုဈေးကွက်မှ သေနတ်များကို အရေးပေါ်နည်းလမ်းများဖြင့် သာမက ရေရှည်အစီအမံများချမှတ်၍ တင်းကျပ်စွာနှိမ်နင်းခြင်းအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေနတ်ထိန်းချုပ်မှုများကို ပိုမိုတင်းကျပ်ရန် ထိုင်းဝန်ကြီးချုပ် အနုထင်ချာဝီရကွန်က ဩဂုတ် ၁၁ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

လက်နက်ထိန်းချုပ်ရေးစနစ်တွင် ဖြစ်ပေါ်နေသည့် လစ်ဟာချက်များကို အကောင်းဆုံးဖြည့်ဆည်းပြီး လက်နက်မကိုင်ဆောင်သင့်သူများလက်ထဲ လက်နက်များမရောက်ရှိစေရန် အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ကြရန် အပတ်စဉ်ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် အနုထင်က တိုက်တွန်းခဲ့သည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူ ရာချာဒါဒါနာဒီရက်ခ်က ပြောကြားခဲ့သည်။

အစိုးရအဖွဲ့က အခြားခွင့်ပြုချက် တစ်စုံတစ်ရာမထုတ်ပြန်မချင်း အာဏာပိုင်များက လက်နက်ဝယ်ယူခွင့်ပြုမိန့် ထုတ်ပေးခြင်းများကို ရပ်ဆိုင်းသွားမည်ဖြစ်ပြီး အစိုးရဝန်ထမ်းများအတွက် လက်နက်ဝယ်ယူခွင့် အစီအစဉ်သစ်များကိုလည်း ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ရာချာဒါက ပြောသည်။ မှတ်ပုံတင်/လိုင်စင်ထုတ်ပေးရေး တာဝန်ရှိသူများသည် ဝယ်ယူမှုအတွက် အသုံးမပြုရသေးသော လက်ကျန်ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ ရက်ပေါင်း ၃၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာနထံ အစီရင်ခံရမည်ဖြစ်သည်။

ရှိနှင့်ပြီးသား ခွင့်ပြုမိန့်ဖြင့် သေနတ်ဝယ်ယူထားသူများသည် ဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်ချသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားရမည်ဖြစ်ပြီး ထိုသို့ မလျှောက်ထားပါက သေနတ်ကို တရားမဝင် ကိုင်ဆောင်ထားသူအဖြစ် သတ်မှတ်ခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ရာချာဒါက ပြောကြားထားသည်။ **ဆင်ဟွာ**

■

## အိန္ဒိယနိုင်ငံ မြို့တော်ဒေလီတွင် H1N1 တုပ်ကွေးရောဂါ ဖြစ်ပွားမှု မြင့်တက်

**နယူးဒေလီ ဩဂုတ် ၁၁**
အိန္ဒိယနိုင်ငံ မြို့တော်ဒေလီတွင် H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူ အရေအတွက် သိသိသာသာ မြင့်တက်လာနေကြောင်း ဒေသတွင်းမီဒီယာများက ဩဂုတ် ၁၁ ရက်တွင် ဖော်ပြခဲ့သည်။




အချက်အလက်များအရ ယခုနှစ်အတွင်း ဒေလီတွင် H1N1 (ဝက်တုပ်ကွေး)ဖြစ်ပွားမှု ၁၃၀၀ ကျော်အထိရှိလာခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ် အလားတူကာလတွင် ဖြစ်ပွားခဲ့သည့် ၂၂၉ ဦးနှင့် နှိုင်းယှဉ်ပါက ခြောက်ဆနီးပါး မြင့်တက်လာခြင်းဖြစ်သည်။

ဒေသခံ ကျန်းမာရေးဝန်ကြီး ပန်ကက်ဂျ် ကူမားဆင်းဂ်က ယခုဖြစ်ပွားနေသော အခြေအနေကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဒေလီအစိုးရက ဆေးရုံများတွင် ဆေးဝါးများ၊ ဆေးရုံခုတင်များနှင့် အသက်ရှူစက်များ အပါအဝင် လုံလောက်သည့် ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း မီဒီယာများကို ပြောကြားခဲ့သည်။

ကျန်းမာရေး ကျွမ်းကျင်သူများက တုပ်ကွေးဖြစ်ပွားမှု မြင့်တက်လာခြင်းသည် မုတ်သုံရာသီအတွင်း ဖြစ်ပေါ်လေ့ရှိသည့် ရာသီအပြောင်းအလဲများကြောင့် ဖြစ်သည်ဟု ပြောဆိုကြသည်။ ဆရာဝန်များက H1N1 ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များကို တိတိကျကျ လိုက်နာကြရန် ပြည်သူများကို သတိပေးထားသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံက မိချိဘိခိ အမှတ် (၇) ဂြိုဟ်တုကို ပတ်လမ်းအတွင်း အောင်မြင်စွာ လွှတ်တင်



**တိုကျို ဩဂုတ် ၁၁**
ဂျပန်ပြည်တွင်းထုတ် GPS ဂြိုဟ်တု မိချိဘိခိကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် ဂြိုဟ်တုပတ်လမ်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။ မိချိဘိခိ အမှတ် (၇) ဂြိုဟ်တုကို H3 ဒုံးပျံဖြင့် နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုရှိ တာနာဂါရှီးမား အာကာသစခန်းမှ ဂျပန်စံတော်ချိန် နံနက် ၄ နာရီဝန်းကျင်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၂၉ မိနစ်ခန့်အကြာတွင် စီစဉ်သတ်မှတ်ထားသောဂြိုဟ်တုပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ မိချိဘိခိ ဂြိုဟ်တုများသည် တည်နေရာအချက်ပြလှိုင်းများကို ပို့လွှတ်ပေးကြောင်း၊ လက်ရှိတွင် မိချိဘိခိ ဂြိုဟ်တုငါးစင်းမှာ ဂျပန်နိုင်ငံအထက် ကမ္ဘာပတ်လမ်းအတွင်း လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း၊ စမတ်ဖုန်းများအတွက် တည်နေရာပြ အချက်အလက်များကို ပံ့ပိုးပေးပြီး ဖမ်းယူရရှိရန် ခက်ခဲသောနေရာဒေသများတွင် ငလျင်သတိပေးချက်များကို ပေးပို့နိုင်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် ပတ်လမ်းအတွင်းသို့ မိချိဘိခိဂြိုဟ်တု ခုနစ်စင်းအထိ ထားရှိရန် ရည်ရွယ်ခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က H3 ဒုံးပျံလွှတ်တင်မှု မအောင်မြင်ခဲ့သည့် အတွက် မိချိဘိခိ အမှတ် (၅) ဂြိုဟ်တုကို ဆုံးရှုံးခဲ့ရပြီး ယခုအခါ ဂျပန်အစိုးရသည် မူလစီစဉ်ထားသည့် ဂြိုဟ်တု အရေအတွက်ထက် တစ်စင်းလျှော့နည်းပြီး ဂြိုဟ်တုခြောက်စင်းဖြင့်သာ အဆိုပါစနစ်ကို လည်ပတ်ဆောင်ရွက်ရန် စီစဉ်ထားသည်။ **အင်န်အိတ်ချ်ကေ**

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)




" Different Contexts, Common Aspirations "

" နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား "

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရှုခံစား၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန်ရည်ရွယ်၍ ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြသည်။ **(အပေါ်ပုံ)** ယင်းနောက် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်သုံးယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ၂၀၂၆ ခုနှစ် ဩဂုတ်လ ဒုတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန့်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၁၄ မီလီမီတာမှ ၂၅ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၂၆ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်ပါသည်။ **မိုး/ဇလ**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

**အိမ်ပြင်ပဉ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# Digital ID (e-ID) စနစ်၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ

ဝေဦးထွန်း

**ကမ္ဘာ့ထိပ်တန်းစီးပွားရေးနှင့် မူဝါဒရေးရာ သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်သော McKinsey Global Institute (MGI) ၏ ၂၀၁၉ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သည့် "Digital Identification: A Key to Inclusive Growth" သုတေသနအစီရင်ခံစာအရ စနစ်တကျဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ထားသည့် Digital ID (e-ID) စနစ်သည် စီးပွားရေးအကျိုးသက်ရောက်မှုများကို အဆင့်ဆင့်ဖြစ်ပေါ်စေမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအလိုက် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် (GDP) ၏ ၃ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ညီမျှသော စီးပွားရေးတန်ဖိုးကို ဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားသည်။**

ထို့ပြင် ကုလသမဂ္ဂအာဖရိကစီးပွားရေးကော်မရှင် (UNECA) က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သော (၁၂) ကြိမ်မြောက် StatsTalk-Africa အစီအစဉ်၏ "Building Inclusive National Identity Systems - Inter-linking Digital Identity and Legal Identity" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ပညာရှင်များကလည်း Digital ID စနစ်သည် တိုင်းပြည်၏ GDP ကို ၃ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးနိုင်ကြောင်း သုံးသပ်ဆွေးနွေးခဲ့သည်။

> ❖ **ဒီဂျစ်တယ်ငွေပေးချေမှုများ ကျယ်ပြန့်လာခြင်းကြောင့် ငွေသားအပေါ်မှီခိုမှုကို လျှော့ချပေးနိုင်သဖြင့် စီးပွားရေးဆိုင်ရာ ငွေကြေးလည်ပတ်မှုကို ပိုမိုမြန်ဆန်စေပြီး လုပ်ငန်းများ၏စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ e-ID စနစ်၏ အကျိုးကျေးဇူးသည် ဘဏ်အကောင့်အရေအတွက် တိုးပွားလာရုံမျှသာမက လူတစ်ဦးချင်းစီ၏ စီးပွားရေးအခွင့်အလမ်းများကို ပွင့်လန်းစေခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလက်လှမ်းမီမှုနှင့် ငွေကြေးလည်ပတ်မှုကိုမြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ဦးတီထွင်မှုများကို အားပေးအားမြှောက်ပြုခြင်းတို့မှတစ်ဆင့် နိုင်ငံ၏စီးပွားရေးရေရှည် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်**

သို့ရာတွင် e-ID စနစ်သည် နိုင်ငံတစ်နိုင်ငံ၏ GDP ကို တိုက်ရိုက်ဖန်တီးပေးသည့် နည်းပညာတစ်ခုမဟုတ်ပါ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ လည်ပတ်နိုင်ခြင်းတို့မှတစ်ဆင့် ဖြစ်ပေါ်လာသည်။

### e-ID စနစ်၏ အဓိကအခန်းကဏ္ဍ

e-ID စနစ်၏ အဓိကအခန်းကဏ္ဍမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် ကိုယ်ရေးအထောက်အထားများ စိစစ်အတည်ပြုရာတွင် ကြန့်ကြာခြင်း၊ စာရွက်စာတမ်းများ ထပ်တလဲလဲတင်ပြရခြင်း၊ ဝန်ဆောင်မှုများ နှောင့်နှေးကြန့်ကြာခြင်း၊ စာရွက်စာတမ်းအတုအပပြုလုပ်ခြင်းနှင့် လိမ်လည်မှုများဖြစ်ပွားခြင်း၊ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမမီခြင်းနှင့် အစိုးရ၏ဝန်ဆောင်မှုများ ထိရောက်မှုနည်းပါးခြင်း စသည့် စီးပွားရေးဆိုင်ရာ အတားအဆီးများကို လျှော့ချပေးနိုင်ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် GDP တိုးတက်လာခြင်းသည် e-ID စနစ်ကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အတားအဆီးများကို e-ID စနစ်က လျှော့ချပေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေခြင်း၊ ပြည်သူများ၏ စီးပွားရေးအခွင့်အလမ်းများကို ချဲ့ထွင်ပေးခြင်းနှင့် အစိုးရ၏ ဝန်ဆောင်မှုပေးနိုင်စွမ်းကို မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် စီးပွားရေးတန်ဖိုးအသစ်များကို ဖန်တီးပေးခြင်းကြောင့်လည်းဖြစ်သည်။

အထူးသဖြင့် e-ID စနစ်ကြောင့် ဘဏ်အကောင့်လွယ်ကူစွာဖွင့်လှစ်နိုင်ခြင်း၊ ဒီဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallet) အသုံးပြုနိုင်ခြင်း၊ မိုဘိုင်းငွေပေးချေမှု၊ အသေးစားချေးငွေ၊ အာမခံနှင့် အခြားငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများ ပိုမိုလွယ်ကူစွာ လက်လှမ်းမီမီ သုံးစွဲနိုင်လာမည်ဖြစ်သည်။ ထို့ကြောင့် ယခင်က ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို လက်လှမ်းမမီခဲ့သည့် ပြည်သူများပါ စီးပွားရေးကွန်ရက်အတွင်း အပြည့်အဝ ပူးပေါင်းပါဝင်လာနိုင်ပြီး တိုင်းပြည်၏ ဒီဂျစ်တယ်စီးပွားရေးမောင်းနှင်အားကိုလည်း ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။

ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ပြည်သူများ လွယ်ကူစွာလက်လှမ်းမီလာခြင်း၏ စီးပွားရေးအကျိုးသက်ရောက်မှုသည် အလွန်ပင်ကျယ်ပြန့်လှသည်။ ပြည်သူများ၏ စုဆောင်းငွေများ တိုးပွားလာသည်နှင့်အမျှ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံနိုင်သည့် အရင်းအနှီးများလည်း ပိုမိုတိုးပွားလာမည်ဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် လိုအပ်သော ချေးငွေများရရှိလာသဖြင့် လုပ်ငန်းများကို ပိုမိုချဲ့ထွင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဒီဂျစ်တယ်ငွေပေးချေမှုများ ကျယ်ပြန့်လာခြင်းကြောင့် ငွေသားအပေါ်မှီခိုမှုကို လျှော့ချပေးနိုင်သဖြင့် စီးပွားရေးဆိုင်ရာ ငွေကြေးလည်ပတ်မှုကို ပိုမိုမြန်ဆန်စေပြီး လုပ်ငန်းများ၏စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ e-ID စနစ်၏ အကျိုးကျေးဇူးသည် ဘဏ်အကောင့်အရေအတွက် တိုးပွားလာရုံမျှသာမက လူတစ်ဦးချင်းစီ၏ စီးပွားရေးအခွင့်အလမ်းများကို ပွင့်လန်းစေခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ ငွေကြေးလက်လှမ်းမီမှုနှင့် ငွေကြေးလည်ပတ်မှုကိုမြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ဦးတီထွင်မှုများကို အားပေးအားမြှောက်ပြုခြင်းတို့မှတစ်ဆင့် နိုင်ငံ၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

### အွန်လိုင်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်မှု e-ID စနစ်နှင့် ဆက်စပ်လျက်ရှိ

ထို့ပြင် အွန်လိုင်းကူးသန်းရောင်းဝယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း e-ID စနစ်နှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ အွန်လိုင်းဈေးကွက်များတွင် ရောင်းချသူနှင့် ဝယ်ယူသူတို့၏ ကိုယ်ရေးအထောက်အထားကို ယုံကြည်စိတ်ချစွာ စိစစ်အတည်ပြုနိုင်ခြင်းသည် လိမ်လည်လှည့်ဖြားမှုများကို ထိရောက်စွာ လျှော့ချပေးနိုင်သကဲ့သို့ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအကြား ယုံကြည်မှုကိုလည်း ပိုမိုခိုင်မာစေသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်တွင်းဈေးကွက်အပြင် နိုင်ငံတကာ အွန်လိုင်းဈေးကွက်များသို့ပါ လွယ်ကူစွာ တိုးချဲ့ဝင်ရောက်နိုင်ပြီး ဈေးကွက်အခွင့်အလမ်းသစ်များကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထိုသို့ ယုံကြည်စိတ်ချရမှု ပိုမိုမြင့်မားလာခြင်းသည် အွန်လိုင်းငွေပေးချေမှုနှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုလုံခြုံမြန်ဆန်စေပြီး e-Commerce ကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်ပေါ်တွင်သာမက အစိုးရ၏ဝန်ဆောင်မှုပေးနိုင်စွမ်းနှင့် အုပ်ချုပ်ရေးစနစ်၏ ထိရောက်မှုအပေါ်၌လည်း များစွာမူတည်လျက်ရှိသည်။ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်တိကျစွာ စိစစ်အတည်ပြုနိုင်ပြီး ဌာနအသီးသီးအကြား လုံခြုံစိတ်ချစွာ မျှဝေအသုံးပြုနိုင်သည့် e-ID စနစ်သည် အစိုးရ၏ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရာတွင် အဓိကအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သည်။

ယင်းစနစ်ကြောင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်လာခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းသွားခြင်းနှင့် ပြည်သူများ၏ ဝန်ဆောင်မှု လက်လှမ်းမီနိုင်မှု ပိုမိုကောင်းမွန်လာခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာမှုရှိလာခြင်းကြောင့် အဂတိလိုက်စားမှုနှင့် လေလွင့်ဆုံးရှုံးမှုများကို နည်းပါးသွားစေပြီး အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှု ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

စာရွက်စာတမ်းအခြေပြု (Paper-based) အုပ်ချုပ်ရေးစနစ်များတွင် ဝန်ဆောင်မှုတစ်ခုရယူရန်အတွက် ပြည်သူများသည် သက်ဆိုင်ရာဌာနအသီးသီးသို့ ကိုယ်တိုင်သွားရောက်ရခြင်း၊ တူညီသော အချက်အလက်များကို ထပ်တလဲလဲ တင်ပြရခြင်းနှင့် စိစစ်အတည်ပြုမှုများအတွက် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း စသည့်အခက်အခဲများကို ကြုံတွေ့ရလေ့ရှိသည်။

ယင်းလုပ်ငန်းစဉ်များသည် ပြည်သူများအတွက် အချိန်နှင့်ငွေကြေးများစွာ ကုန်ကျစေရုံသာမက အစိုးရအတွက်လည်း ဝန်ထမ်းအင်အား၊ စီမံခန့်ခွဲမှုစရိတ်နှင့် လုပ်ငန်းဆောင်ရွက်ချိန်များကို မလိုအပ်ဘဲ ကုန်လွန်စေသည်။ အကယ်၍ e-ID စနစ်ကို အခြေခံ၍ e-Government ဝန်ဆောင်မှုများကို တည်ဆောက်နိုင်ပါက နိုင်ငံသားတစ်ဦး၏ အချက်အလက်များကို တစ်ကြိမ်သာ စိစစ်အတည်ပြုပြီး ဝန်ဆောင်မှုအမျိုးမျိုးတွင် လုံခြုံစိတ်ချစွာ ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ရာ လုပ်ငန်းစဉ်များကို သိသိသာသာ ရိုးရှင်းလွယ်ကူသွားစေမည်ဖြစ်သည်။

ထို့ပြင် ပြည်သူများသည် အစိုးရရုံးများသို့ လူကိုယ်တိုင်လာရောက်ရန် မလိုတော့ဘဲ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ရယူနိုင်မည်ဖြစ်သည်။

အထူးသဖြင့် လူမှုဖူလုံရေးအစီအစဉ်များ၊ ထောက်ပံ့ကြေးများ၊ ပင်စင်လစာများ၊ ပညာသင်ဆုများနှင့် အခြားအစိုးရအကျိုးခံစားခွင့်များကို ဖြန့်ဝေပေးရာတွင် e-ID စနစ်သည် အမှန်တကယ် အကျိုးခံစားခွင့်ရှိသူများကို တိကျမှန်ကန်စွာ စိစစ်အတည်ပြုပေးနိုင်သည်။ ယင်းသို့ စိစစ်နိုင်ခြင်းကြောင့် အချက်အလက်များထပ်နေခြင်း၊ အတုအယောင်ကိုယ်ရေးအချက်အလက်များ အသုံးပြုခြင်း၊ စာရင်းသာရှိပြီး အမှန်တကယ်လူမရှိသည့်မှတ်တမ်းများ (Ghost Records) ဖြင့် အကျိုးခံစားခွင့်ရယူခြင်းများကို ထိရောက်စွာ တားဆီးကာကွယ်နိုင်သည်။

ထို့ကြောင့် အစိုးရ၏ထောက်ပံ့ငွေများသည် ရည်ရွယ်ထားသည့် ပြည်သူများထံသို့ တိုက်ရိုက်နှင့် မှန်ကန်စွာ ရောက်ရှိစေမည်ဖြစ်ရာ နိုင်ငံတော်၏ ဘဏ္ဍာရေးအသုံးစရိတ်များကို ပိုမိုထိရောက်စွာ သုံးစွဲနိုင်သည့်အပြင်၊ ပြည်သူများမှ အစိုးရအပေါ် ယုံကြည်ကိုးစားမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

သုတေသနစာတမ်းများအရ e-ID ကို အခြေခံသည့် e-Government စနစ်များသည် လူမှုဖူလုံရေး၊ အစိုးရ၏အကျိုးခံစားခွင့်များနှင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို ဒီဂျစ်တယ်နည်းလမ်းဖြင့် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်သဖြင့် ကမ္ဘာတစ်ဝန်းတွင် ပြည်သူများ၏ အချိန်နာရီပေါင်း ၁၁၀ ဘီလီယံခန့်ကို ချွေတာပေးနိုင်မည်ဟု ခန့်မှန်းထားသည်။

ထိုသို့ အချိန်ကုန်သက်သာစေခြင်းသည် ပြည်သူများ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရုံမျှမက စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ပိုမိုလျင်မြန်ချောမွေ့စေသည်။ ထို့ပြင် ဝန်ထမ်းလစာစာရင်းဆိုင်ရာ လိမ်လည်မှုများကို လျှော့ချနိုင်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံခန့်အထိ ဆုံးရှုံးမှုများကို ကာကွယ်ပေးနိုင်မည်ဟုလည်း သုတေသနအစီရင်ခံစာများက ဖော်ပြထားသည်။

### e-ID စနစ်သည် အစိုးရ၏ မူဝါဒရေးဆွဲချမှတ်ခြင်းအတွက် အရေးပါ

e-ID စနစ်သည် အစိုးရ၏ မူဝါဒရေးဆွဲချမှတ်ခြင်းနှင့် အမျိုးသားစီမံကိန်းများအတွက် အရေးပါသော အထောက်အကူပြုစနစ်တစ်ခုလည်းဖြစ်သည်။ နိုင်ငံသားများ၏ အချက်အလက်များကို တိကျမှန်ကန်စွာ စုစည်းနိုင်ခြင်းကြောင့် လူဦးရေစာရင်း၊ လူမှုစီးပွားအခြေအနေ၊ အလုပ်အကိုင်၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ခေတ်မီနည်းပညာများဖြင့် ထိရောက်စွာ ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ခိုင်လုံသောအချက်အလက်များကို အခြေခံသည့်မူဝါဒများ (Evidence-based Policies) ကို ချမှတ်နိုင်မည်ဖြစ်သည်။

ထိုသို့ တိကျသည့် အချက်အလက်များအပေါ် အခြေခံနိုင်ခြင်းကြောင့် အစိုးရ၏ ဘတ်ဂျက်အသုံးစရိတ်များကို ပိုမိုထိရောက်စွာ ခွဲဝေသုံးစွဲနိုင်သည့်အပြင် ဒေသအလိုက် လိုအပ်ချက်များကို ဖော်ထုတ်၍ အမှန်တကယ်လိုအပ်နေသော ပြည်သူများထံသို့ နိုင်ငံတော်၏ အရင်းအမြစ်များကို တိုက်ရိုက်ထိရောက်စွာ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် e-ID စနစ်သည် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံအထောက်အပံ့တစ်ရပ်ဖြစ်သည်။ နိုင်ငံသားများ၏ ပညာရေးမှတ်တမ်းများ၊ ကျွမ်းကျင်မှုလက်မှတ်များနှင့် အလုပ်အကိုင်မှတ်တမ်းများကို ဒီဂျစ်တယ်နည်းဖြင့် စနစ်တကျစီမံခန့်ခွဲနိုင်လာခြင်းသည် လုပ်သားဈေးကွက်၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်သည်။ အလုပ်ရှင်များက လျှောက်ထားသူများ၏ အရည်အချင်းကို လွယ်ကူစွာစိစစ်နိုင်သကဲ့သို့ လုပ်သားများသည်လည်း မိမိတို့၏ ပညာရေးနှင့် ကျွမ်းကျင်မှုအထောက်အထားများကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး

*စာမျက်နှာ ၁၇ သို့*

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးအခမ်းအနား မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဩဂုတ် ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ) မှ ကြီးမှူး ကျင်းပသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့၌ကျင်းပရာ အလယ်



အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ဌာနမှူး ဦးပိုင်စိုးက အမှာ စကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေး ရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆိုင်ရာများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်သည်များကို အသေးစိတ် ဆွေးနွေး တင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အလယ်အလတ်အခွန်ထမ်း ဆိုင်ရာအခွန်ရုံး(၅)ရှိ ဝန်ထမ်းများက အဂတိလိုက်စားမှုတားဆီးကာ ကွယ်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ခံညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ က မေးမြန်းချက်များအပေါ် စနစ်တကျ ပြန်လည်ရှင်းလင်းဖြေကြား ခဲ့သည်။

**သက်ထက်**



## သံဖြူဇရပ်မြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**သံဖြူဇရပ် ဩဂုတ် ၁၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မှုခင်းကျဆင်းရေးနှင့် ဥပဒေအသိ ပညာပေးဟောပြောခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း(ပညာ့ဗိမာန်) ခန်းမ၌ပြုလုပ်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်က ရာဇသတ်ကြီးဥပဒေ၊ အထူးနှင့်အထွေထွေ ဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ယာဉ်စည်းကမ်းလမ်းစည်း ကမ်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဆိုင်ရာ တားဆီးနှိမ်နင်းရေးဥပဒေအကြောင်း သိကောင်းစရာများ ဟောပြောပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးရှမ်းကိုကိုက ဥပဒေ ဆိုင်ရာသိကောင်းစရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက စာဖတ်ခြင်းအကျိုးကျေးဇူး၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်ဝင်းတင်က မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ချက်ပြုတ်ပြိုင်ပွဲကျင်းပ

**ရွှေတောင် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းပိုင် မူကြိုကျောင်း၌ ယနေ့ နံနက်ပိုင်းက အသက် ငါးနှစ် အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် အစာအုပ်စု ငါးအုပ်စုနှင့်ညီမျှသော အာဟာရအချက်အပြုတ်ပြိုင်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က ကျောင်းသားလူငယ်လေးများအနေ ဖြင့် ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဟာရပြည့်ဝ မျှတသည့် အစားအစာများ စားသုံးတတ်စေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုအလေ့အထများရရှိစေရန်ရည်ရွယ်၍ ယခု ကဲ့သို့ လှုပ်ရှားမှုများဆောင်ရွက်ခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မျိုးသန့်က အာဟာရ အုပ်စု ငါးမျိုးနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများစားသုံး ရေးအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက် (၃)ရပ်ကွက်ရှိ မိခင်နှင့်ကလေး



စောင့်ရှောက်ရေးအသင်းဝင်များက အာဟာရချက်ပြုတ်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသည့်အသင်းများအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဆုချီးမြှင့်ခဲ့ပြီး အာဟာရပြည့်အစားအစာ များကို မူကြိုကျောင်းရှိ ကလေးငယ်များအား ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



## တနိုင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ ပြုပြင်တည်ဆောက်

**တနိုင်း ဩဂုတ် ၁၁**

ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်နယ်ငွေလုံး ငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အေးသုခကျေးရွာလမ်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောင်စိုးမိုးကျေးရွာလမ်း ပျက်စီးနေသောလမ်းပိုင်းကို သဲကျောက်ဖြင့် အမာခံလမ်းပြုပြင်ခြင်း၊ လမုန်ကျေးရွာလမ်းသွယ်(၁) ပျက်စီးနေသောလမ်းပိုင်းကို သဲကျောက် ဖြင့် အမာခံပြုပြင်ခြင်း၊ တရုံကျေးရွာလမ်း ပျက်စီးနေသောလမ်းပိုင်းကို သဲကျောက်ဖြင့် အမာခံလမ်းပြုပြင်ခြင်းနှင့် နန်ဗျူချောင်းတစ်ဖက်ကမ်း လမ်း(မြို့ပတ်လမ်းမှ နန်ဗျူကျေးရွာသွားလမ်း)ကြား ပျက်စီးနေသော လမ်းပိုင်းကို သဲကျောက်ဖြင့် အမာခံလမ်းပြုပြင်ခြင်း ဆောင်ရွက်မည့် နေရာများအား ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူး(မြို့ပြ) ဦးကျုံးလျန်ဖွိုင်းသည် တနိုင်းမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ) ဦးမင်းဆွေအောင်နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မနောမြေ(တနိုင်း)**

## ကျိုက်လတ်၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ကျိုက်လတ် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၂/၂၀၂၆)



သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ကျင်းပရာ ဖျာပုံခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြော ကြားသည်။

အဆိုပါသင်တန်းတွင် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းဆိုင်ရာ နှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နယ်မြေလုံခြုံရေး၊ တရား ဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ် ရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို စက်တင်ဘာ ၄ ရက်အထိ သင်တန်းသား ၉၃ ဦးအား သင်တန်းနည်းပြများက စာတွေ့ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့၌ မိုးရာသီကာလ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း

**ဒေးဒရဲ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် မိုးရာသီကာလ၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ် စေရေးအတွက် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းလုပ်ငန်း များကို ယနေ့ညနေပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးဝဏ္ဏဝင်း ဦးဆောင်သည့်ဝန်ထမ်းများက အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းနှင့် ဘုရားကြီးကွက်သစ် (၄)လမ်း လမ်းဘေး ဝဲယာတစ်လျှောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေ



ရေး ဖော်ထုတ်ရှင်းလင်းပေးပြီး ထွက်ရှိအမှိုက်များအားလုံးကိုလည်း အဖွဲ့ပိုင်ယာဉ်များဖြင့် စနစ်တကျသိမ်းဆည်းပေးခဲ့ကြောင်း သိရသည်။

**အေဇာလင်း**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၁၆ မှ*

နိုင်ငံ၏ထုတ်လုပ်မှုစွမ်းအားကိုလည်း မြှင့်တင်ပေး နိုင်သည်။

e-IDစနစ်သည် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီမှုကို တိုးမြှင့်ပေးခြင်း၊ အစိုးရဝန်ဆောင် မှုများ၏ ထိရောက်မှုကိုမြှင့်တင်ပေးခြင်း၊ ပုဂ္ဂလိက ကဏ္ဍ၏ ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးခြင်း၊ အများပြည်သူဆိုင်ရာဝန်ဆောင်မှုများကို ဒီဂျစ်တယ် အသွင်ကူးပြောင်းပေးခြင်း၊ လူမှုအသိုက်အဝန်း အတွင်း တန်းတူညီမျှပါဝင်ခွင့်ကို မြှင့်တင်ပေးခြင်း နှင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန် အဟုန်မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံ အကျိုး သက်ရောက်မှုများကို ဖန်တီးပေးနိုင်သည်။

ထို့ကြောင့် e-ID စနစ်သည် နိုင်ငံသားတစ်ဦး၏ ကိုယ်ရေးအထောက်အထားကို သက်သေပြပေး သည့် စနစ်တစ်ခုမျှသာမက နိုင်ငံ၏ ဒီဂျစ်တယ် စီးပွားရေး၊ ဒီဂျစ်တယ်အစိုးရနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးမည့် အမျိုးသား ဒီဂျစ်တယ်အများပြည်သူဆိုင်ရာ အခြေခံအဆောက် အအုံ (National Digital Public Infrastructure) နှင့် အမျိုးသားစီးပွားရေး အခြေခံအဆောက်အအုံ (National Economic Infrastructure) တစ်ရပ် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

၁။ McKinsey Global Institute. Digital Identification: A Key to Inclusive Growth. April 2019.

၂။ United Nations Economic Commission for Africa. (2024, February 22). Digital ID to unlock Africa's economic value if fully implemented, say experts.

## ရေတာရှည်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**ရေတာရှည် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ လယ်ယာသုံး စက်ကိရိယာမောင်းနှင် ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်က စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) စက်မှုလယ်ယာ စခန်းရုံးခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးကျော်မင်းဦးက စက်မှုလယ်ယာကူးပြောင်းမှုအခြေအနေများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။




ထို့နောက် မြို့နယ်စက်မှုလယ်ယာစခန်း ဦးစီးမှူးက သင်တန်းသားများအား သင်ထောက်ကူပြု သင်တန်းမှတ်စု စာအုပ်များ ပေးအပ်ပြီး အဆိုပါသင်တန်းကို သင်တန်းသား ၃၅ ဦးဖြင့် ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ ' **'ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေးလုပ်ရင်းနဲ့ ခားပြဖြစ်လာကြသော စကားဝါမြေမှ အညာ PDF များ"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် **"ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် အလှမ်းဝေးနေရသောပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၁**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းကို ကျောက်ဆည်မြို့ အခြေခံပညာအထက်တန်းကျောင်း( ခွဲ) အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြူနိုင်က အမှာစကားပြောကြားသည်။




ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဆန်းဝင်းက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ လေးဦးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် အွန်လိုင်းဂိမ်း၊ လူငယ်ကဏ္ဍကို အားပေးမြှင့်တင်လို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုဖော်ဆောင်ကြပါစို့ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ စကားဝိုင်းဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက စကားဝိုင်းဆွေးနွေးပြောကြားသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ဓနုဖြူ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်း(၁/၂၀၂၆) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃၃) စက်မှုလယ်ယာစခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးအေးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ပွင့်ဖြူ ဩဂုတ် ၁၁**

ပွင့်ဖြူမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မော်မော်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက လူငယ်ရေးရာသိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြီး စာပေအသိပညာတိုးပွားစေရေး စာအုပ်စာစောင်များဖြင့် စာဖတ်ဝိုင်းပြုလုပ်ခဲ့သည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



မအူပင်မြို့ အမှတ်(၉)ရပ်ကွက် ရေလဲလမ်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၀ ရက်က သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြို အခြေခံမီးသတ်ပညာသင်တန်းဖွင့်ပွဲ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဟန်က အမှာစကားပြောကြားစဉ်။ ချစ်သက်လယ်(ပြန်/ဆက်)



## အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့် သင်တန်းများ ဖွင့်လှစ်



**သာစည်**

သာစည်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း (၂/၂၀၂၆)ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။ **ထွန်းထွန်း(သာစည်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က အမှတ် (၂၇)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးကျောင်း ရွှေရတီပင်လုံခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး အုပ်ချုပ်ရေးမှူး ၇၂ ဦးဖြင့် ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ **မြင့်မြင့်ရီ**

**မြစ်သား**

မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က အနော်ရထာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားပြီး ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။ **ဝါဝါမြင့်(မြစ်သား)**



**ဖြူး**

ဖြူးမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်က စည်ပင်သာယာခန်းမ၌ ကျင်းပရာ တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးက အမှာစကားပြောကြားပြီး ဩဂုတ် ၁၀ရက်မှ စက်တင်ဘာ ၄ ရက်အထိ သင်ကြားမည်ဖြစ်သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် – မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် – အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် – ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် – အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်

နေပြည်တော် ဩဂုတ် ၁၁
ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

## မော်လမြိုင်မြို့ ဈေးကြိုမီးပွိုင့်၌ သွားလာမှုလွယ်ကူစေရေး ကွန်ကရစ်လမ်းခင်း

မော်လမြိုင် ဩဂုတ် ၁၁
မွန်ပြည်နယ် မော်လမြိုင်မြို့၏ အဓိက လမ်းဆုံတစ်ခုဖြစ်သော ဈေးကြိုမီးပွိုင့်၌ ပျက်စီးနေသော ကတ္တရာလမ်းသား အလျားပေ ၇၀၊ အကျယ် ၆၅ ပေအား တူးထုတ်ဖယ်ရှား၍ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသပြီး ပြည်နယ်ဝန်ကြီးက လမ်းသွားလမ်းလာပြည်သူများ သွားရေးလာရေး အဆင်ပြေချောမွေ့စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ရေရှည်ခိုင်ခံ့မှုရှိစေရေး အတွက် အလေးထားဆောင်ရွက်ရန် မှာကြား၍ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီပြီးစီးရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



စည်သူ(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ ရေမြောင်းများ ရှင်းလင်းဆောင်ရွက်

မော်လမြိုင်ကျွန်း ဩဂုတ် ၁၁
ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များအတွင်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် ရေမြောင်းများအတွင်း စုပုံနေသော အမှိုက်သရိုက်များ၊ ရွှံ့နွံများနှင့် ရေစီးရေလာကို အဟန့်အတားဖြစ်စေသည့် အရာများကို စနစ်တကျဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး လိုအပ်သည့်နေရာများတွင် စက်ယန္တရားများအသုံးပြု၍ ရေမြောင်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ရဲကိုမောင် (ပြန်/ဆက်)

## ၂၀၂၆ ခုနှစ် ဩဂုတ်လ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့်၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခွဲမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် နှစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် တစ်ပေခန့်နှင့် ပဲခူးမြို့တွင် လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၈-၂၀၂၆ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်း
- ၀၆:၃၀ ပဋ္ဌမတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)၏ ထေရုပ္ပတ္တိ (အပိုင်း–၅)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၃၀ သဘာဝဃမအသင်းများ စုဖွဲ့လို့ မျှစ်ကုန်ကြမ်းများ ပိုမိုထုတ်လုပ်စို့
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၂:၃၀ MRTV National News
- ၁၄:၄၅ မျိုးဝုဏ်တင့်စေ ဆိုကရေးတီးအဖွဲ့
- ၁၅:၃၀ Weekly Soccer Priveiw
- ၁၆:၄၅ မင်္ဂလာမျှော်လင့်ခြင်းလယ်ယာမြေ (ငါးမွေးမြူရေးနှင့်ပန်းအစစ်အခြောက်ခံ လုပ်ငန်း) (အပိုင်း–၃)
- ၁၇:၁၀ ကလေးငယ်များကျန်းမာရေး ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းပေး
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ International Youth Day (2026) (Video Clip)
- ၁၈:၅၅ သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'စံအိမ်ဝတ်ပါ'** (အပိုင်း–၆၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၀ ပွဲညရဲ့ဇာတ်ခုံ (အပိုင်း–၃)

**mitv**

- 07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:09 The Art of Sand Painting
- 07:19 The Artistic Journey of Youth; Hein Htet Aung
- 07:35 Swiftlet Birds (Aerodramus Fuciphagus) (Part-I)
- 08:27 Beautiful Friendship (SEAVFC short Video Festival -Lamin)
- 08:41 The Man and The Elephant (Part-II)
- 09:01 Memorable Hainan Island
- 09:25 Discovering Tribes: Kanan their life and customs (Part-I)

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ ကာတွန်း **'ဖိုးကောင်ကြီးဥယျာဉ်စွန့်တားခန်း'** (အပိုင်း–၄၈)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမကြီး၊ ရှုခင်းသာရပ်ကွက်တွင် EMERALD BAY PROJECT အား အကောင်အထည်ဖော်ဆောင်ရွက်နေသူ YANGON GOLDEN PARAGON INVESTMENT COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေထံမှ Emerald Bay Project၊ တာဝါ-၁၊ ၂-လွှာရှိ (၁၂၅၈.၇၀) စတုရန်းပေ အကျယ်အဝန်းရှိသည့် အခန်းအမှတ် (၂၀၇) ဟုခေါ်တွင်သော တိုက်ခန်းအား (၆)လ အထူးအရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့သူသည် ရောင်းဖိုး ကျန်ငွေများအား ဆက်လက်ပေးသွင်းခြင်းမရှိဘဲ (၇) လကျော်ကြာ ပျက်ကွက်လျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ရောင်းဖိုးကျန်ငွေများ လာရောက်ပေးသွင်းရန်နှင့် ဆက်လက်ပျက်ကွက်ပါက စာချုပ်ပါစည်းကမ်းအတိုင်း အရောင်းအဝယ်စာချုပ်အား ရပ်စဲမည့်အကြောင်း တိုက်ခန်းဝယ်ယူသူထံ အကြောင်းကြားစာများပေးပို့၍ အသိပေးထားပြီးဖြစ်သော်လည်း အဆိုပါဝယ်ယူသူသည် ရောင်းဖိုးကျန်ငွေများကို ဆက်သွယ်ပေးသွင်းခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းများအားလိုက်နာရန် ပျက်ကွက်မြဲပျက်ကွက်လျက်ရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေနှင့် ဖော်ပြပါတိုက်ခန်း ဝယ်ယူသူတို့ကြား ချုပ်ဆိုထားသော သဘောတူစာချုပ်သည် စာချုပ်ပါစည်းကမ်းများအတိုင်း ရပ်စဲပြီးဖြစ်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေမှသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သန္တာလွင် LL.B, DBL, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၇၁)**
**(၂၁-၀၁)၊ Crystal Tower၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၆၉၂၄၉၇၈၉**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ တိုက်အမှတ် (၁၂) ဟုခေါ်တွင်သည့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ် မှ (ပထမထပ်) (၂)လွှာ တိုက်အားမျက်နှာမူလျှင် (ဘယ်ဘက်/ခြေရင်း)ခြမ်း အကျယ်အဝန်း (၁၅ x ၅၅)ပေရှိ တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မေနွယ်ထွန်း (၉/မဟမ (နိုင်)၀၀၄၀၅၈) မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B,D.B.L,D.M.L,D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ်-(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း - ၀၉-၉၄၆၅၄၂၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်-သကတ(၁)တိုးချဲ့၊ အမှတ်(၇)ရပ်ကွက်၊ တေးဥယာဉ်(၁၂)လမ်း၊ မြေကွက်အမှတ်-၂၇၇/ခ၊ ဦးအောင်အောင်သွင် အမည်ပေါက် မြေချပါမစ်၊ မြေအကျယ်ပေ(၁၀x၆၀) မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်တို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု အဆိုရှိသော ဒေါ်သင်းသင်းချို (၁၂/လသယ(နိုင်)၀၄၈၀၄၉)မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဇင်မာကျော် (၁၂/လကန (နိုင်)၁၇၉၇၄၈)က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၀) ရက်အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်ခင်ဇင်မာကျော်**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဖုန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၆၇၃၃)**
**တိုက်- B-၂/အခန်း (၅၀၅)၊ ချမ်းမြေ့အိမ်ရာဝင်း(၁)၊**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၉၇၁၈၉၀၃၇၂၊ ၀၉-၉၈၀၉၇၆၈၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာ၊စစ်စီးတော(၁)လမ်းမကြီးနှင့် အင်ကြင်း(၁)လမ်းထောင့်၊ ကွင်းအမှတ် (၆၆၄-B၊ ကွမ်းခြံကုန်းကွင်း) ဦးပိုင်အမှတ်(၉၆/၂)၊ ဧရိယာ(၀.၁၈)ကေအကျယ်ရှိ ဒေါ်သဇင်အောင်အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သဇင်အောင် (ဘ) ဦးလှအေး (၁၂ / ဥကတ (နိုင်) ၁၇၇၃၀၀) က ပြန်လည် ရောင်းချခြင်း၊ ပေးကမ်းခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်လွှဲပြောင်းပေးခြင်း စသည်တို့ဆောင်ရွက်ရန်ရှိပါသဖြင့် အဆိုပါကိစ္စများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါကိစ္စများကိုပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို ဝယ်ယူသူထံ လက်ရောက်အပ်နှံသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်** **(LL. B, DBL, DIPL, DIL) (စဉ်-၁၄ ၆၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်** **(LL.B, DIPL) (စဉ်-၁၈၇၂၆)**
**ဒေါ်ခင်သီတာမြင့်အောင်** **(LL.B, D B L) (စဉ်-၂၀၀၇၈)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့ ။ ဖုန်း - ၀၉- ၄၂၀၃၀၀၂၆၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကွက်သစ်လမ်းထိပ်၊ ရေကျော်လမ်းမကြီး၊ (၄)ခန်းတွဲ(၈)ထပ်တိုက်၏ ၄၇/A အလယ်ခန်း (၈-လွှာ) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်ရရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်မျိုးလွင် (၁၂/ပဘတ(နိုင်)၀၃၀၈၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးခင်မောင်ဦး (၁၂/ဥကတ(နိုင်)၀၁၃၉၂၈)က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါတိုက်ခန်းအပါအဝင် ဆက်နွှယ်ပတ်သက်သည့် ဆက်စပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းသူရဇော်(LL.B)** **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)**
**ဒေါ်ယမင်းထွေး(LL.B)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)**
**ဦးရဲသီဟ(LL.B)** **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မြေငှားဂရန်အမည်ပြောင်း လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့် | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | |
| ၁ | ဦးမိုးမြင့် | ရွှေသောင်ယံ | သဲကုန်း | ၁၉၈၇/ဝက်သေ | ၄၄/၃၊၄၄/၄၊ ၄၄/၅၊၄၅/၁၊၇၇ | ၅.၀၁ | အမည်ပြောင်း |
| ၂ | ဦးမိုးမြင့် | ရွှေသောင်ယံ | သဲကုန်း | ၁၉၈၇/ဝက်သေ | ၄၅/၂၊ ၄၆၊ ၄၇၊ ၄၈/၁၊ ၇၅ | ၅.၀၂ | အမည်ပြောင်း |
| ၃ | ဦးမျိုးတင့် | ရွှေသောင်ယံ | သဲကုန်း | ၁၉၈၇/ဝက်သေ | ၄၈/၂၊ ၄၈/၄ | ၁.၀၅ | အမည်ပြောင်း |
| ၄ | ဦးမိုးမြင့် | ရွှေသောင်ယံ | သဲကုန်း | ၁၉၈၇/ဝက်သေ | ၆၇/၂၊ ၆၈/၁၊၇၆ | ၂.၀၃ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါသ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးအိုက်ဆန်၏ သမီး ကျွန်မ နန်းခမ်းဖောင်း ၁၃/တခလ(နိုင်)၀၉၀၈၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၁၀၆၁၅၄**

## မွေးသက္ကရာဇ်အမှန်

မိုင်းဖြတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ရဲတပ်ကြပ်ကြီး စိုင်းထွန်းနွံ(ခ)မောင်သောမတ်(စ်) ၁၃/ကတန(နိုင်)၀၀၈၉၇၂ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၁၁-၁၉၆၆)ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/3796 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ်ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/99379, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူရအောင် ၁၄/ဟသတ(နိုင်)၃၀၀၀၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/24799, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၁၄/ညတန(နိုင်)၁၂၄၃၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/15408, Honda Zoomar X ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ဝင်း ၅/စကန(နိုင်)၀၁၄၃၀၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(စစ်ကိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၇

၁။ ဦးအောင်ဇော်မျိုး **နှင့်** ၁။ ဦးအောင်တေဇ
၂။ ဒေါ်သီတာဟန် ၂။ ဒေါ်မေဇင်ဖြူ
**(တရားလိုများ)** **(တရားပြိုင်များ)**

ပဲခူးမြို့ ၊ ဥဿာမြို့သစ်၊ (၇)ရပ်ကွက်၊ မြေတိုင်း(၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၄၄၆)နေ (၁)တရားပြိုင် ဦးအောင်တေဇ၊ (၂)တရားပြိုင် ဒေါ်မေဇင်ဖြူ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက "မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း (၈)ရက်၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည် ။

**(စန္ဒာမြင့်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပဲခူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၁/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၅၉)၊ မြေယာအမှတ် (-)၊ မြေဧရိယာ (၀.၁၁၀)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးအေးကိုမြင့် (၁၀/မလမ(နိုင်)၁၀၈၉၉၀) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာနှစ်တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ(၂)လုံး (ရေ၊ မီး၊ မိလ္လာနှင့် ဆက်စပ်လုပ်ငန်းများအပါအဝင်) နှင့် Infrastructure လုပ်ငန်း (၄) ခု ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်** | - | (၁၄-၈-၂၀၂၆) ရက်မှ (၂၅-၈-၂၀၂၆) ရက်အထိ |
| (ခ) | **တင်ဒါလျှောက်လွှာတင်သွင်းရက်** | - | (၂၇-၈-၂၀၂၆) ရက် (၁၅:၀၀) နာရီအထိ |
| (ဂ) | **တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းရမည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျန်စစ်သားလမ်း၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၉-၂၄၅၀၅၂၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)နေ ဦးမင်းဆွေ (၉/ပဘန(နိုင်)၂၅၇၉၅၅)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဂရန်အမှုအတွဲအမှတ်(၃၃/၁၉၇၆-၁၉၇၇)၊အရ မစီနှင့်မအေးတို့အမည်ဖြင့် (၁၅)နှစ် မြေငှားဂရန်ရရှိထားသည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ်(၃၁) မြေယာအမှတ်(၁၆၇/၁၆၈) မြေဧရိယာ(၀.၂၀၇)ကေမှခွဲ၍ မြေဧရိယာ(၀.၁၀၄)ကေရှိမြေအား ဂရန်အမည်ပေါက်သူများထံမှ ဒေါ်သန်းမြင့်ဦးက တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသည့် မြေဖြစ်ကြောင်း၊ ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ချက်အရ**
**ဦးမင်းဆွေ** **ဒေါ်နိုင်မွန်အေး(LL.B) စဉ်(၁၆၁၀၀)၊တရားလွှတ်တော်ရှေ့နေ**
**ယုဇနလမ်းနှင့်ပြည်သာယာလမ်းထောင့်၊ ရပ်ကွက်ကြီး(၈)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း - ၀၉-၄၅၇၄၄၉၄၆၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၁

ဒေါ်စောင်ချွင်းချင် **နှင့်** ဒေါ်စန်းစန်းမြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ကျင်မြင့် )
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်(ဘဘ-၅)၊ ဦးပိုင်(၁၆)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားနေ ဒေါ်စန်းစန်းမြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်ကျင်မြင့် (ဘ) ဦးရှူးဆင့်) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စောင်ချွင်းချင်က "မန္တလေးမြို့၊ (ယခင်) ပုသိမ်ကြီးမြို့နယ်၊ (ယခု)ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ- ၉)၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ(၀.၀၅၅၁)ကေ အကျယ်အဝန်းရှိ ဒေါ်စန်းစန်းမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ (၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့် ၁၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော မခက်ဝေသင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး (၁၄/မအပ(နိုင်)၁၆၄၈၉၃) ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ဦး**

## ဖခင်အမည်မှန်

ရွှေဘိုမြို့၊ T.W.S ကိုယ်ပိုင်အထက်တန်းကျောင်း G-12 မှ မစိမ်းမို့မို့ထက် ၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၅/ဘတလ(နိုင်) ၁၂၈၆၅၄ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

## အမှားပြင်ဆင်ချက်

၂၉-၇-၂၀၂၆ မြန်မာအလင်းသတင်းစာ၊ စာမျက်နှာ (၃၀) တွင်ပါရှိသော ''ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း'' တရားလွှတ်တော်ရှေ့နေ ဒေါ်နီလာဝင်း ၏ ကြော်ငြာတွင် ဆဋ္ဌမထပ် (၇)လွှာအစား သတ္တမထပ်(၈)လွှာ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၀၀၀) ဟုခေါ်တွင်သော မြေအလျား xအနံ ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးခင်အေး (၁၂/ကမတ(နိုင်)၀၃၈၇၀၄) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နုနုထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဆွင်လမ်ညံ (၅/ကလထ(နိုင်)၁၄၉၁၄၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းမင်းဦး (၇/ပခတ(နိုင်)၀၅၀၇၂၂)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** **ဒေါ်ယမင်းထွေး(LL.B)** **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ယုဇနလမ်း၊ အမှတ်(၄၉)၊ ဧရိယာ(၂၉.၅X၁၀၀)ပေရှိ မြေကွက်နှင့်နေအိမ်သည် ဒေါ်မြင့်မြင့်စန်းထံမှ ဦးဇော်မင်းခိုင်သည်လည်းကောင်း၊ ဦးဇော်မင်းခိုင်ထံမှ ဦးဇော်ဇော်ထွန်းသည် လည်းကောင်း အရောင်းအဝယ် ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး နှစ်ရှည်မြေငှားဂရန် ပထမအကြိမ် ချထားပေးပါရန် ဦးဇော်ဇော်ထွန်းမှ ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်မိတ္တူများ၊ မှတ်ပုံတင်မိတ္တူ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက ဦးဇော်ဇော်ထွန်း၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၀၊ပိတောက်ပင်/၈၅၊အောင်ရတနာ)၊ ဦးပိုင်အမှတ်(၁၅-က/၆၂-က)၊ ဧရိယာ(၀.၀၅၁) ကေရှိ မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၄၀၅ V ၂၀၀၃-၂၀၀၄ အရ(၁၀-၁-၁၉၉၆) မှ (၉-၁-၂၀၂၆) ထိ ဦးနိုင်တွန်း အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရရှိထားမြေငှားစာချုပ်သည် (၉-၁-၂၀၂၆)ရက်တွင်သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဦးနိုင်ထွန်းမှ မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၄၈၉၊ ၃၀၄၉၁)၊ မြေဧရိယာ (၀.၃၃၀)ကေရှိ ဦးစိန်လှိုင်(ဘ)ဦးစိန်ဝင်း ၁၂/ဗဟန(နိုင်)၀၉၀၅၉၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးစိန်လှိုင်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၀၄/၂၀၁၉)၊ (၁၃-၂-၂၀၁၉) ရရှိထားသူ ဦးမြင့်နိုင်(ဘ)ဦးအောင်ရှိန် ၉/ပမန(နိုင်)၀၅၈၉၄၈မှ ဦးအောင်ထွန်းထွန်း(ဘ)ဦးကိုကိုလွင် ၁၄/မမက(နိုင်)၁၈၀၄၂၇ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25U/6212, Dongben (DB-300ZH) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၉/ပမန(နိုင်)၁၅၈၅၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/3670, Suzuki Swift 2C 725, Hatch Back (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုညိုမြင်း ၁၀/မလမ(နိုင်)၀၀၆၈၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၀၊ပိတောက်ပင်/၈၅၊အောင်ရတနာ)၊ ဦးပိုင်အမှတ်(၁၅-ဃ/၆၂-ခ)၊ ဧရိယာ(၀.၀၈၇)ကေရှိ မြေအား မြို့မြေအမှုတွဲအမှတ် ၂၄၃ VRP ၁၉၉၅-၁၉၉၆ အရ (၂၁-၈-၁၉၉၅ မှ ၂၀-၈-၂၀၂၅) ထိ ဦးမောင်မောင်စိန် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားမြေငှားစာချုပ်သည် (၂၀-၈-၂၀၂၅)ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဦးမောင်မောင်စိန် မှ မြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကန့်ကွက်လွှာကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီမြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၁၂၇) ဟုခေါ်တွင်သော မြေအလျား x အနံ ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မူရင်း မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးဝင်းသန်း (TVY-၀၁၁၅၆၇)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနေထက်လင်း (၁၂/ဗတထ(နိုင်)၀၄၆၂၀၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းသူရဇော်(LL.B)** **ဒေါ်ယမင်းထွေး(LL.B)** **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/6135, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်နွယ် ၁၄/လပတ(နိုင်)၁၈၇၄၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/41257, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစံရအေး ၁၄/ကကထ(နိုင်)၂၄၄၁၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၃၀၅/က) ဟု ခေါ်တွင်သော ဧရိယာ (အလျားxအနံ)ပေ(၆၀x၂၀) ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ယင်းအိမ်ခြံမြေကွက်နှင့် ပတ်သက်သော ရေမီတာ၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုထားသူ ဒေါ်သန္တာဝင်း (၁၂/အစန(နိုင်)၁၆၀၇၉၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းအောင် (၁၁/တကန(နိုင်)၀၀၇၂၆၃)သည် ဝယ်ယူရန်အတွက် (၁-၈-၂၀၂၆)ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ယင်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချမ်းမြေ့ဦး (LL.B, D.B.L, D.I.L, D.M.L)(MIAC)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၂၅၁၄) (၁၆-၅-၂၀၀၇)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။**
**ရုံးဖုန်း-၀၁- ၃၆၁၄၂၂၉၊ ၀၉- ၂၆၂၃၄၅၈၁၉**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မြို့သာရပ်ကွက်၊ ကွင်းအကွက်အမှတ်(၆၇/ကံပုလဲကွင်း)၊ ဦးပိုင်အမှတ်(၃၈/၂)၊ ဧရိယာ(၀ဒသမ၂၁၁) ကေရှိ ဝန်းမြေအား ဒေါ်သင်းသင်းနွယ် ၉/မရန(နိုင်) ၀၅၅၇၁၄ သည် ၎င်း၏ အမည်ပေါက် မြေငှားဂရန် အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းနွယ် ၅/မရန(နိုင်) ၀၅၅၇၁၄**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကောင်းထက်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-10 မှ မရိုစီမွေး၏ ဖခင်အမည်မှန်မှာ ဦးတန်ကုန်း ၄/မတပ(နိုင်) ၀၁၂၃၇၉ ဖြစ်ပါကြောင်း။

**ဦးတန်ကုန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၁)နေ ဦးအောင်ငြိမ်း ၅/မကန(နိုင်) ၀၁၄၁၇၄ နှင့် ဒေါ်ခင်စန်းမြင့် ၅/မကန(နိုင်)၀၁၄၁၇၅ တို့၏သား မောင်ညီညီအောင် ၅/ကလထ(နိုင်) ၂၀၃၅၃၇ သည် မိဘများ၏ သွန်သင်ဆုံးမခြင်းတို့အပေါ် လက်ခံခြင်းမရှိဘဲ မိမိ၏ ဆန္ဒသဘောအရ အကြိမ်ကြိမ်စိတ်ဆင်းရဲမှုကို နေ့စဉ်နှင့်အမျှ ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဦးအောင်ငြိမ်း-ဒေါ်ခင်စန်းမြင့်**

## ပတ်စ်ပို့ပျောက်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်နေ ဦးစူးရောင်(ခ)စိန်အောင်၏သား မောင်စိုင်းဟိန်း(၉/ခအဇ(နိုင်)၀၁၁၂၅၉) ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၆၄၄၂၂၄၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀)
## ပဲခူးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

ဒေါ်ထက်ထက်ဝင်း (တရားလို) နှင့် ဦးဇင်ဗိုလ် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သစ္စာပန်းလမ်း၊ အမှတ်(၂၀)တွင် နေထိုင်သူ ဦးဇင်ဗိုလ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထက်ထက်ဝင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းမျိုးညွန့်ဦး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပဲခူးမြို့နယ်တရားရုံး

---

### အများသိစေရန်ကြေညာချက်

ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(မြောက်)ရပ်ကွက်၊ သရက်တောဘီ(၁)ဖြတ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆အက်(ဖ်)၂)၊ မြေကွက်အမှတ်(၂၉)၊ အမှတ်(၆)တွင် (၁)ခန်းတည်း(၆)ထပ်တိုက် (Pitch Roof)(လူနေရန်) အဆောက်အဦ ဆောက်လုပ်ခွင့်အား မြေရှင် ဦးကျော်သောင်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဟိန်းထက်၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာဦးသက်ခိုင်ထွဏ်း(RSE-2727) နှင့်လိုင်စင်ရကန်ထရိုက်တာဦးသိန်းနိုင်(LC-1144)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၂၇-၆-၂၀၂၄ ရက်စွဲပါစာအမှတ်၊ BP1-7991-BP3-2417 ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ ယခုအခါ အဆိုပါအဆောက်အဦဆောက်လုပ်ခွင့်အား မူလခွင့်ပြုလိုင်စင်ရကန်ထရိုက်တာ ဦးသိန်းနိုင်(LC-1144)အစား ဒေါ်ဥမ္မာ(LC-605)သို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှ လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)ရပ်ကွက်၊ ပုဂံ(၂၈)လမ်း၊ မြေကွက်အမှတ်(၆၀၄/ခ) ဟု ခေါ်တွင်သော မြေအလျားxအနံ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ် (၆၀) မြေငှားဂရန်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဦးရွှေမောင် (TZI-049033) ၁၂/အစန(နိုင်)၀၁၃၄၂၀ ကွယ်လွန် သဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ၎င်း၏ညီအစ်မများဖြစ်သော ၁။ ဒေါ်သန်းသန်းမြင့် ၁၂/အစန(နိုင်)၀၁၇၄၈၀၊ ၂။ ဒေါ်ခင်ခင်ဝင်း ၁၂/အစန(နိုင်)၀၁၃၃၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ၁။ ဒေါ်သိင်္ဂီဝင်း ၁၂/ရကန(နိုင်)၀၁၂၈၆၃၊ ၂။ ဒေါ်လှလှရီ ၁၁/စကန(နိုင်)၀၁၁၀၈၂ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း မူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B,L, D.M,L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉၄၅၀၀၃၅၀၇၀**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ်(၇၇၆) ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် နှစ် (၆၀) မြေငှားဂရန်မူရင်းအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှကျင် ၁၂/မရက(နိုင်)၀၉၂၀၈၇ ကွယ်လွန်သဖြင့် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ၎င်း၏သားသမီးများဖြစ်သော ၁။ ဦးလွင်ဇော်ဦး ၁၂/မရက(နိုင်)၀၉၁၈၅၈၊ ၂။ ဦးခင်ဌေး (HLG-028494) ၃။ ဒေါ်ထားထားဦး ၁၂/မရက(နိုင်)၀၀၂၉၆၂၊ ၄။ ဦးမောင်မောင်စိုး ၁၂/မရက(နိုင်)၀၀၂၉၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရွှေဦး ၉/မထလ(နိုင်)၀၆၈၉၇၈ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့် တကွ ယခုကြော်ငြာပါသည့် ရက် မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော်**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

---

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
## ရန်ကုန်မြို့
## ပစ္စည်းဟောင်းများရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုပြီးဖြစ်သည့် (အဆောက်အအုံ၊ လျှပ်စစ်၊ ရေသန့်၊ သံထည်၊ စက်နှင့် စက်ကိရိယာ၊ အထွေထွေနှင့် မြန်မာမှုသွပ်ပန်းတဉ်း)ပစ္စည်းအဟောင်းများအား ဈေးပြိုင်းစနစ်ဖြင့် ရောင်းချရန်ရှိ ပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀,၀၀၀/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ရေးဌာန၌ ဝယ်ယူပြီး (၂၅-၈-၂၀၂၆)၊ အင်္ဂါနေ့(၁၃၀၀) နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဗဟိုသိုလှောင်ရေးဌာန ဖုန်းနံပါတ်(၀၁-၃၈၃၅၀၈) သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၆၀၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်မောင်လင်း (၁၂/ကမရ (နိုင်) ၀၂၄၈၈၅) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးပြုံး (၁၄/ကပန (နိုင်) ၀၀၉၈၉၃)ထံမှ ကျွန်ုပ်မ ဒေါ်ယဉ်ယဉ်ထွေး (၁၃/ကမန (နိုင်) ၁၂၆၀၄၉)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ဒေါ်ယဉ်ယဉ်ထွေး (၁၃/ကမန (နိုင်) ၁၂၆၀၄၉)**
**၀၉- ၄၅၀ ၀၅၆ ၉၄၄**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၈/၃၊ မြေကွက်အမှတ် - ၃၆၁ အပိုင်း-၃ ဟုခေါ်တွင်သော တပ်ကြပ်ကြီး သန်းထူးအောင် အမည်ဖြင့် မှတ်သားထားသည့် ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်းအလျားx အနံ(၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ကျယ်အဝန်း(၂၀ x ၆၀) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလမြေအမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်လေးလေးနွယ် (ဘ) ဦးဝင်းသိန်း ၁၂/ဒဂဆ(နိုင်) ၀၀၃၄၈၂ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄) ရက် အတွင်းခိုင်လုံသောစာချုပ်စာတမ်း (မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၆၈၅)**
**အမှတ်- ၅၅ ၊ ပထမထပ်၊ အခန်း - ၂၆ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဗိုလ်မင်းရောင်လမ်း နှင့် ဦးစလမ်းထောင့်၊ မြေကွက်အမှတ် (၄၅၇) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစာရင်းဌာနတွင် ဦးကျော်ခင် ၁၂/ဥကတ(နိုင်)၁၁၀၅၆၃ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၄၅၈)ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစာရင်းဌာနတွင် ဦးကျော်ခင် ၁၂/ဥကတ(နိုင်)၁၁၀၅၆၃နှင့် ဒေါ်ခင်မိုးသူ (S/OKA-084258)အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ် (၄၅၉/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၂၁x၆၀)အကျယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစာရင်းဌာနတွင် ဒေါ်ခင်မိုးသူ ၁၂/ဥကတ(နိုင်)၁၁၀၃၉၉ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက် (၃) ကွက်နှင့် လျှပ်စစ်မီတာ(၄)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးထွန်းမြတ်အောင် ၁၂/မရက(နိုင်)၁၄၂၀၁၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ် ပြုလုပ်သည့် မြေကွက်(၃)ကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထူး (၉/ပကခ(နိုင်)၀၁၅၁၈၉)၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်လှိုင်ဌေး (LL.B., D.I.P.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၈၈)**
**ဖုန်း-၀၉-၇၉၉၇၈၀၀၅၁၊ ၀၉-၂၅၈၅၈၈၂၉၄**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(၁) မှော်ဘီ Grade 7 မှ မသဲနုစံ၏ ဖခင်အမည်မှန်မှာ ဦးဟိန်းနိုင်စိုး ၉/မခန(နိုင်)၁၉၇၄၄၅ ဖြစ်ပါကြောင်း။

**ဦးဟိန်းနိုင်စိုး**

---

## ဖခင်အမည်မှန်

ဘားအံမြို့၊ တောင်ကလေး အထက်တန်းကျောင်း Grade-4 မှ မောင်စည်သူထွန်းနှင့် Grade-3 မှ မသွန်းစန္ဒီထွန်းတို့၏ ဖခင်အမည်မှန်မှာ စဇော်ဇော် ၁၄/မမန(နိုင်) ၁၁၀၈၁၆ ဖြစ်ပါကြောင်း။

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထက (မြို့မ) Grade-12မှ မောင်ဇော်ဂျမ်းနှင့် မောင်ကိုလေးတို့၏ ဖခင်အမည်မှန်မှာ ဦးမဟာဒူး ၁၂/တကန(နိုင်) ၁၃၀၀၈၀ ဖြစ်ပါကြောင်း။

**ဦးမဟာဒူး**

---

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အထက(ကျွန်းတောကုန်း) Grade-11မှ မောင်မိုးဝေယံ ၁၂/တကန(နိုင်) ၃၀၈၃၇၉ ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၁၂/တကန(နိုင်) ၁၅၄၈၄၃ ဖြစ်ပါကြောင်း။

**ဦးမြင့်ဇော်**

---

## အများသိစေရန်ကြေညာခြင်း

မိုးညှင်းခရိုင်၊ မော်ဟန်မြို့နေ ကျွန်မ မေဘယ်(လ်)မိုး (ဘ) ဦးလင်းအောင်ခန့် ၁/မညန(နိုင်) ၁၆၉၀၃၅ နှင့် ဦးချမ်းကိုကို (ဘ) ဦးမြို့မောင် ၅/ကလထ(နိုင်) ၁၁၁၃၇၁ တို့သည် ၂၀၁၅ ခုနှစ်တွင် လက်ထပ်ထိမ်းမြားပေါင်းသင်း နေထိုင်လာခဲ့ရာ ၂၀၁၇ ခုနှစ်တွင် သားတစ်ဦးထွန်းကားခဲ့ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုက်မှုမရှိတော့ပါသဖြင့် (၆-၉-၂၀၂၅) ရက် အသိသက်သေများ ရှေ့တွင် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုကာ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဘယ်(လ်)မိုး**
**၁/မညန(နိုင်)၁၆၉၀၃၅**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/85710 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမျိုး ၉/မဟမ(နိုင်)၀၇၁၄၆၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/1892 Howo A7 420 Tractor Head (6x4)L ယာဉ်လက်ဝယ် ရှိသူ ဦးမင်းနိုင်ဦး၁၄/ကလန(နိုင်)၁၀၈၈၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၄၁

ဦးတင်မောင်သန့် (တရားလို) နှင့် ဗိုလ်ကြီး သန်းဆွေ (တရားပြိုင် )

တောင်ကြီးမြို့ နယ်၊ အေးသာယာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်နေ ဗိုလ်ကြီး သန်းဆွေ ( ယခုနေရပ်လိပ်စာမသိသူ ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုဦးတင်မောင်သန့် က "အိမ်မြေကွက် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၈၈ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းအေးမြသီရိ)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ် (၁/န)၊ မြေကွက်ငယ်အမှတ်(၅၁၂)ဒေါ်ဇော်လီဝင်း အမည်ပေါက်မြေကွက်၊ ဧရိယာ ပေ(၄၀x၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဖွင့်ဟဝန်ခံကတိပြုသူ ဒေါ်မေချစ်အောင် ၁၂/လမန(နိုင်)၁၅၄၉၈၂ ထံမှ ဒေါ်တင်မာလွင် ၁၂/လကန(နိုင်)၁၃၀၇၇၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အား အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မ ဒေါ်တင်မာလွင် ၁၂/လကန(နိုင်)၁၃၀၇၇၂ ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းအပြည့်အစုံဖြင့် လူကိုယ်တိုင် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မာလွင် ၁၂/လကန(နိုင်)၁၃၀၇၇၂**
**ဖုန်း-၀၉-၄၂၂၇၈၄၅၈၀**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁၈၅-၁၈၇)နေ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးသင်းမြတ် ၁၂/တမန(နိုင်)၀၀၇၈၆၆ နှင့် ဒေါ်နွဲ့နန္ဒာအောင် ၁၂/သခန(နိုင်)၀၅၂၉၂၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးသင်းမြတ်၁၂/တမန(နိုင်)၀၀၇၈၆၆ နှင့် ဒေါ်နွဲ့နန္ဒာအောင်၁၂/သခန(နိုင်)၀၅၂၉၂၀တို့၏ သမီးဖြစ်သူ မမြတ်သဒ္ဒါမှူး ၁၂/ဗတထ(နိုင်)၀၄၅၃၄၇ သည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများ စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသင်းမြတ်နှင့် ဒေါ်နွဲ့နန္ဒာအောင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၅၇)**
**အမှတ်(၁၄၁-၁၄၅)၊ ဒုတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၀၈၀၄**

---

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 24W/97278 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/74659 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၉/မရတ(နိုင်) ၁၂၉၄၃၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/87001 New Anbo-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဝင်းထွေး ၉/မနတ(နိုင်) ၀၉၅၁၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## အယူခံမှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်းဥပဒေ - ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၅ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၁၀၂

ဒေါ်စန်းစန်းအေး နှင့် ဦးမိုးကျော်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးဇေယျာဝင်း)

(အယူခံတရားလို) (အယူခံတရားပြိုင်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ သဃ်န်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၄၅/၂၀၂၃ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ယခုအမှုတွင် အယူခံတရားပြိုင်ဦးမိုးကျော်ကွယ်လွန်၍ ဇနီး တော်စပ်သူ ဒေါ်သူဇာဝင်းအား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း ဆောင်ရွက်ခွင့်ပြုပါရန် အယူခံ တရားလိုဘက်မှ လျှောက်ထားလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေ(က+ဂ)ရပ်ကွက်၊ ဗညားဒလလမ်း၊ ၃လွှာ(အလယ်)၊ အမှတ်-၁၂၈ နေ ဒေါ်သူဇာဝင်း(ကွယ်လွန်သူ အယူခံတရားပြိုင် ဦးမိုးကျော်၏ဇနီး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် သဃ်န်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ အဆိုပါ တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခွင့်ပြုပါရန် လျှောက်ထားသည့်ကိစ္စကို သဘောထားတင်ပြရန် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက် ( ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄) ရက်) တွင် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် အဆိုပါတရားဝင်ကိုယ်စားလှယ်ကိစ္စကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးသင်းအောင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ ကျွန်းရွာလမ်း၊ အိမ်အမှတ်(၁) နေ (အဘ) ဦးလှသိန်း ၏သမီး ဒေါ်ဝါဆိုသင်း နှင့် ၎င်း၏မိဘ၊ မောင်နှမများအပေါ် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အသရေပျက်စေသည့် အရေးအသားများ၊ မဟုတ်မမှန်သည့်အကြောင်းအရာများ ရေးသား၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင်ဖြန့်ဝေခြင်းများ ၊ Facebook Account / Facebook Page / Tiktok /Telegram အစရှိသည်တို့မှ မမှန်မကန်ကြော်ငြာခြင်း၊ ဆက်သွယ်ရေးကွန်ရက်များကိုအသုံးပြု၍ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေခြင်းတို့အား ဆက်လက်လုပ်ဆောင်သည့်မည်သူမဆို ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ဝါဆိုသင်း**
**၁၀/မဒန(နိုင်)၂၃၂၆၈၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့ကေသီကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၄၂)**
**အမှတ်(၅၉-ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ဘိုတဲရပ်၊**
**မြို့မ(၃)၊ မုဒုံမြို့**
**ဖုန်း-၀၉-၄၅၉၆၇၁၈၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ် (၁၈၅၆)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ ၆၀ ပေ)ရှိ ဒေါ်မြင့်စိန်(CF-၀၇၈၉၅၅)အမည်ပေါက် မြေချပါမစ်အ မျိုး အစားဟုခေါ်တွင်သော မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက် အမှတ်(၁၈၅၅)နှင့် ကပ်လျက်အခြမ်းဖြစ်သည့် (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့် မြေချပါမစ်မူရင်း (၄)ရွက်အနက်မှ မူရင်းအမှတ်(၁)ခတ်ပုံ၊ မူရင်းအမှတ်(၃) အိမ်ရာဆောက်လုပ်ခွင့်၊ စုစုပေါင်းမူရင်း(၂)ရွက် အဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟိန်းမင်းဇော် ၁၂/ခရန(နိုင်)၁၃၁၇၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုမြတ်ဇင်မွန်သိမ့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၀၅)**
**အမှတ်(၅၀)၊ ဓမ္မပါလလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ -၇၉၀၂၅၆၉၀၆၊ ၀၉-၄၅၁၁၆၇၆၈၈**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/3211 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက် ၊ မြေတိုင်းရပ်ကွက်အမှတ်၁၀/မြို့မမြောက်ရပ် ၊ မြေဧရိယာ (၀.၁၄၆) ဧကရှိ မြေကွက်အမှတ် (ပ-၁၅၈၉) ကို အမည်ပေါက် ဒေါ်မြတ်ပွင့်ဖြူ (ဘ) ဦးအိုက်ဆန်း ၉/ခအဇ(နိုင်) ၀၃၇၇၉၄ မှ ဦးအောင်ဇော်ဦး (ဘ) ဦးစိုးဝေ ၆/ဘပန(နိုင်)၀၄၈၈၃၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ပုဗ္ဗသီရိမြို့ ၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၃/ပေါင်းလောင်း-၃ ၊ မြေကွက်အမှတ်(၆၈၃)၊ ဧရိယာ (၀.၀၅၅) ဧကရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်စီစီဝင်း ၉/ပမန(နိုင်)၁၀၅၇၂၂ မှ မြေငှားစာချုပ် ၊ အရောင်းအဝယ်စာချုပ်အမှတ် (၁၄၁၁/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်အေးမြတ်သူ ၉/ပမန(နိုင်) ၁၅၃၄၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့်ကန့် ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ ဇဝနဒီပရပ်ကွက် ၊ မြေတိုင်းရပ်ကွက်အမှတ်၆/မြို့မရပ် ၊ မြေဧရိယာ (၀.၁၄၃) ဧကရှိ မြေကွက်အမှတ် (ပ-၁၄၉၇ အေ) ကို အမည်ပေါက် ဦးစိုးတင့်(ဘ) ဦးမြရှိန် ၉/ညဥန(နိုင်) ၀၅၇၇၄၇ မှ ဒေါ်မိုးမိုးမြင့်(ဘ) ဦးအောင်တင့် ၉/ပမန(နိုင်)၁၇၄၄၂၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၇-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၆ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဦးစိုးဟန် ၁၀/ပမန(နိုင်)၀၅၅၉၂၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးကမ် (ခ) မတင်ညွှန့် (၁၂/လသန(နိုင်) ၀၁၃၈၆၄)က အပြီးအပိုင် ဝယ်ယူရန်သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊**
**၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(၅)၊ Grade-7 မှ မောင်စွမ်းမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၁၃/ရစန(နိုင်)၀၆၄၃၆၁ ဖြစ်ပါကြောင်း။

**ဦးအောင်စိုး**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့၊ အထက(၁)ဟိုပုံး Grade-12(C) မှ နန်းခမ်းမွန်၏ ဖခင် အမည်မှန်မှာ ဦးစော ၁၃/ဟပန(နိုင်)၀၅၉၂၂၈ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ပင်မိုကျေးရွာအုပ်စု၊ ဈေးကုန်းရွာနေ ဦးဇော်မင်း ၁၃/ကလန(နိုင်) ၀၆၈၀၁၃၏သား အထက(ခွဲ) ပင်မို ဈေးကုန်းကျောင်း G-9 မှ မောင်ကောင်းထက်စံဟိန်း အား မောင်ကောင်းပြည့်ဟိဏ်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ပင်မိုကျေးရွာအုပ်စု၊ ကုန်းပေါ်ရွာနေ ဦးလှမျိုး ၁၃/ကလန(နိုင်) ၀၇၅၂၇၅ ၏ သမီး အထက(ခွဲ) ပင်မိုဈေးကုန်းကျောင်း G-9 မှ မဆောင်းယွန်းဝတီအား မဟေမြတ်ယွန်းစံ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ညောင်ရွှေမြို့နယ်၊ အမက တောင်ခြေ(မြောက်) ကျောင်းမှ ဒု-မူပြ ဒေါ်သန္တာဝင်း (ခ) ဒေါ်နန်းသန္တာဝင်း ၁၃/ညရန(နိုင်) ၁၁၂၈၇၀၏ ဖခင်အမည်မှန်မှာ ဦးခွန်ဖွား ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/71217 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/ပသက(နိုင်)၀၄၁၇၀၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၉၁၈၃ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်ခိုင် ၉/ပမန(နိုင်) ၁၃၁၆၆၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၉၃၂၆၃ Turbo Star 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းသူဇာအောင် ၈/တတက (နိုင်)၂၂၃၈၂၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/17148 Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးလင်း ၉/ဇယသ(နိုင်) ၀၀၁၄၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၄၂၅၄၆ Honda Future 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးကျော် ၁၃/တကန (နိုင်)၃၂၂၃၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၉၇၄၈၀ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးမူ ၁၂/အစန(နိုင်)၀၆၆၅၉၈ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀) အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ် (၂၃၆)၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ (အလျား ၂၅ပေx အနံ ပေ၅၀)အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (ခေါင်းရင်းခန်း) (အလျား ၁၂ပေx အနံ ပေ၅၀)ရှိ တိုက်ခန်းအား လက်ဝယ်ထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်မြတ်စုလှိုင် ၁၁/ကတန(နိုင်)၀၈၉၂၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့် ၁၂/သဃက (နိုင်)၀၁၅၇၃၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသည့်တိုက်ခန်း တန်ဖိုး၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၄၉၀၄)**
**အမှတ်(၉)၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ (ဂ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့**
**ဖုန်း-၀၉-၉၇၁၆၁၁၁၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၉၅) ဘုမ္မာ(၁)လမ်း၊ (ဈ)ရပ်ကွက်နေ ဦးသက်ဝေလင်း-ဒေါ်လွဲ့ယဉ်မြင့် တို့၏ သားမောင်ရန်လင်းသန့် ၁၂/လယရ(နိုင်) ၀၀၀၉၈၅ သည် မိဘများ၏ ဆိုဆုံးမမှုအား နာယူခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောင်တွင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးသက်ဝေလင်း-ဒေါ်လွဲ့ယဉ်မြင့်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/79541 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀.၀၈၂) ဧကရှိ မြေကွက်အမှတ် (ပ-၅၃၅)ကို အမည်ပေါက် ဦးနန်းဝင်း (ဘ)ဦးစိန်မောင် ၉/ရမသ(နိုင်)၁၁၅၉၀၁မှ ဒေါ်မေဆုအောင် (ဘ)ဦးမြင့်အောင် ၁/မညန(နိုင်)၀၈၅၇၆၄ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက် အမှတ် (ဒ-၃၂၀၂၉ )၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဒေါ်ဝင်းဝင်းမော်(ဘ)ဦးကောက် ၇/တငန(နိုင်)၁၀၉၀၄၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝင်းဝင်းမော်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၄၈၄၅/၂၀၂၂)၊ (၃-၁၀-၂၀၂၂) ရရှိထားသူ ဒေါ်ယေမိမဆွေထားဇင်ဦး (ဘ)ဦးတာကျဲအို ၉/ပမန(နိုင်)၂၉၁၀၄၁ မှ ဦးမြင့်မြတ်ကောင်းကျော် (ဘ)ဦးသန့်စင် ၉/ဇဗသ(နိုင်)၀၁၂၉၅၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၄၆၀၅)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိဒေါ်သွယ်သွယ်ထွန်း(ဘ)ဦးသန်းထွန်း ၁၂/ဗဟန(နိုင်)၀၂၄၆၁၁ ၊ ဒေါ်ခိုင်ချိုထွန်း (ဘ) ဦးသန်းထွန်း ၁၂/ဗဟန(နိုင်)၀၂၄၆၁၀ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သွယ်သွယ်ထွန်း၊ ဒေါ်ခိုင်ချိုထွန်း မှ ဦးကျော်အောင်(ဘ)ဦးတင်အောင် ၉/ရမသ(နိုင်)၀၀၆၉၇၇ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက် ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ်၃/မြို့မတောင်ရပ်၊ မင်္ဂလာ ဒီပရပ်ကွက် မှ မြေဧရိယာ (၀.၁၁၀) ဧကရှိ ဒေါ်ဖြူအိ ၁၂/အစန(နိုင်)၀၀၇၄၇၁ (ဘ)ဦးမြင့်သိန်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၄၈၀) ကို နေပြည်တော်စာချုပ်မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၈၆၉/၂၀၁၂) (၂၆-၆-၂၀၁၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ် လွှဲစာရရှိထားသူ ဒေါ်ဇင်မာမြင့် ၁၄/လပတ(နိုင်)၁၅၁၆၇၁ (ဘ) ဦးဝင်းမြင့်မှ ဦးတင်ထွန်းအေး (ဘ)ဦးအေးသောင် ၁၄/ပသန(နိုင်)၀၁၀၃၃၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ဇောတိက(၃)လမ်း၊မြေကွက်အမှတ်(၁၄၉)၊အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိဦးနီဝင်း(၁၂/ပဘတ(နိုင်)၀၀၄၄၉၃)အမည်ပေါက်ပါမစ်မြေကွက်အနက်မှအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိပါမစ်မူရင်းခြမ်းမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးသက်ထွန်းအောင်(၁၂/ရကန(နိုင်)၀၀၄၃၀၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့ ၊ မြေတိုင်းရပ်ကွက်အမှတ်၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၉၇) ဧကရှိ ဦးမျိုးမြင့်မောင် ၉/မလန(နိုင်)၀၀၃၉၃၉ (ဘ) ဦးလှဝင်း အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၁၀၂) ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၈၀၀/၂၀၁၈) (၂၅-၈-၂၀၁၈) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်မျိုးသာ ၈/မကန(နိုင်)၁၂၃၈၂၈ (ဘ) ဦးချန်ထွန်းအောင်မှ ဦးတင်ထွန်းအေး (ဘ) ဦးအေးသောင် ၁၄/ပသန(နိုင်)၀၁၀၃၃၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကျလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅) ဧကရှိ ဒေါ်နွယ်နွယ်ဝင်း ၉/ပမန(နိုင်)၁၅၂၅၄၅ (ဘ)ဦးဝင်းမြင့် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၁၈၀၁) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၃၈/၂၀၂၂(၂၂-၁၁-၂၀၂၂) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်လှဲ့လှဲ့ခိုင် ၈/ဂဂန(နိုင်)၀၆၉၂၃၂ (ဘ) ဦးမောင်ခိုင်မှ ဦးဟိန်းထက်အောင် ၉/မဟမ(နိုင်)၀၃၅၅၄၆ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက (တရနာ)ကျောင်း Grade-12 တန်းမှ မင်းစွမ်းရည်ထက်၏ ဖခင်အမည်မှန်မှာ မင်းအောင်မော် ၁၀/ကမရ(နိုင်)၀၄၀၀၈၉ ဖြစ်ပါသည်။

**မင်းအောင်မော်**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက (တရနာ) ကျောင်း Grade-12 တန်းမှ မိအိမိုးကြယ်၏ ဖခင်အမည်မှန်မှာ မင်းဌေးနိုင် ၁၀/ကမရ(နိုင်)၀၁၁၇၄၉ ဖြစ်ပါသည်။

**မင်းဌေးနိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ် (၁၁၂၅)၊ (၂၄)ရပ်ကွက်၊ မင်္ဂလာလမ်း၊ (အလျား၄၀ပေx အနံ ၆၀ပေ)အကျယ်ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ တတိယထပ် (၄)လွှာ(ဘီ)(ခေါင်းရင်းခန်း)(အလျား၁၉ ပေ x အနံ ၅၄ပေ)ရှိ တိုက်ခန်းအား လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးအောင်သူထက် (၅/ဒပရ(နိုင်)၁၂၆၅၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးမြင့် (၁၂/သဃက(နိုင်)၀၁၅၇၃၄)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းချသည့်တိုက်ခန်း တန်ဖိုး၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းမူရင်းများနှင့် တကွကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါ သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟေမာအောင် (LL.B)အထက်တန်းရှေ့နေ(စဉ်-၄၄၉၀၄)**
**အမှတ်(၉)၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ (ဂ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၉၇၁၆၁၁၁၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/79541 Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၉/မရမ(နိုင်)၀၀၀၇၈၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၆၁၉၁၇ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇောဝင်း ၉/ပမန(နိုင်) ၂၆၀၈၀၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/3134 Huanghe 150(150cc) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ပု ၉/ပမန(နိုင်)၂၄၃၄၇၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## အမည်မှန်

ပျဉ်းမနားမြို့နယ်၊ မြောက်လွတ်ကုန်းကျေးရွာနေ မောင်ဇေယျာထွန်း (ဘ) ဦးဆန်းထွန်း၏ အမည်မှန်မှာ မောင်ဝေယျာထွန်း ၅/အရတ(နိုင်) ၀၇၀၂၅၁ ဖြစ်ပါကြောင်း။

**မောင်ဝေယျာထွန်း**

## အမည်ပြောင်း

နေပြည်တော်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊grade(၈) အခန်း(B) မှ (ဘ) ဦးအောင်မျိုးမင်း၏ သား မောင်အောင်ကောင်းမြတ် ၉/ပမန(နိုင် ၃၁၆၈၃၃ အားယနေ့မှစ၍ မောင်အောင်သာဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်သာဟန်**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/88452 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းချစ် ၉/မခန (နိုင်) ၁၅၆၆၃၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/26509, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ဇင်မွန်ကို ၁၄/ခနဖ(နိုင်)၂၀၂၅၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
## ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၁

| | | |
|---|---|---|
| ဒေါ်ခိုင်ဝါ | **နှင့်** | ဦးရီ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့ ၊ ပြည်ကြီးတံခွန်မြို့ နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၅) ဦးပိုင်အမှတ်(၆၀)နေ ဦးရီ (ဘ) ဦးတင်မောင် (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

တရားပြိုင် ဦးရီ သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ဝါက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၀)၊ ဦးပိုင်အမှတ်-၁၆၊ ဧရိယာ (၀.၀၅၅) ဧက အကျယ်အဝန်းရှိ ဦးရီအမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ရက်)မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၂၆ လမ်း၊ ၅၇ x ၅၈ လမ်းကြားနေ ဒေါ်သန္တာဦး (ဘ) ဦးခင်မောင်ဦး ၉/ပမန(နိုင်)၁၅၇၉၂၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

ဒေါ်သန္တာဦးသည် MATHS For You Maths Centre ကျောင်း တည်ထောင်သူဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အစရှိသောမြို့ကြီးများတွင် ကျောင်းခွဲများ တည်ထောင်ဖွင့်လှစ်ထားကာ သင်္ချာ ဘာသာရပ် အထူးပြု Online Classes၊ Compus Classes များဖြင့် KG to IGCSE အထိ သင်ကြားပေးနေ သော သင်တန်းကျောင်းဖြစ်ပါသည်။ ကျောင်းသားနှင့်ကျောင်းသားမိဘများ စိတ်ကျေနပ် နှစ်မြို့က်သဘောကျသည့် သင်တန်းကျောင်းအဖြစ် နာမည်ဂုဏ်သတင်းကောင်းဖြင့် ရပ်တည်နေသော သင်တန်းကျောင်း ဖြစ်ပါသည်။

သင်တန်းကျောင်း စတင်လက်ခံစဉ်ကတည်းကပင် ကျောင်း၏စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက် လိုက်နာသဘောတူညီနိုင်မှသာလျှင် ကျောင်းလက်ခံခြင်းဖြစ်ပါသည်။ Online Classes တက်ရောက်သည့် ကျောင်းသား/သူများအတွက် အချိန်ညှိနှိုင်းခြင်း ကိစ္စများကိုလည်း အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးမှုများကြောင့် တက်ရောက်သူ ကျောင်းသား/သူများအနေဖြင့်လည်း စိတ်ကျေနပ်ပျော်ရွှင်စေခဲ့ပါသည်။

သင်တန်းကျောင်း တက်ရောက်သည့် ကျောင်းသား/သူတို့၏ အုပ်ထိန်းသူများအနေဖြင့် ကျောင်းနှင့်ပတ်သက်သည့် အဆင်မပြေမှုများရှိပါက မိမိတို့၏ ကျောင်းသား/သူတို့ တက်ရောက်နေသည့်ကျောင်းတွင် တိုက်ရိုက်လာရောက်၍ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ပါလျက် သင်တန်းကျောင်း၏ ကောင်းသောဂုဏ်သတင်းကို တမင်ဖျက်ဆီးစေလိုသော မကောင်းသောအကြံဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖြန့်ဝေခြင်း၊ သင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ/မများ၏ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်မှုနှင့် လုပ်ငန်းခွင်အခြေအနေကို ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်၍ တမင်နှောင့်ယှက်ခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် မသင့်လျော်သောနည်းလမ်းများဖြင့် လွှမ်းမိုးရန် ကြိုးပမ်းခြင်းတို့ မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်လာပါက မြန်မာနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ရပ်ဖြင့် ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်သန္တာဦး** | **ဒေါ်နွယ်နွယ်ဝင်း LL.B** | **ဒေါ်ကဥ္စန L.L.B** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **စဉ်-၈၀၃၈(၂-၂-၂၀၁၂)** | **စဉ်-၅၂၈၆၉(၂၉-၅-၂၀၂၀)** |

**ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်၊ နန်းမြို့တွင်း၊**
**မန္တလေးမြို့။ ဖုန်း-၀၉-၆၉၁၀၆၈၈၄၁**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ( ၁၂ )ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနနှင့် စီးပွားရေးဌာနတို့တွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ဒုတိယရုံပိုင်ရာထူး(၆၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည် အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် (၉-၉-၂၀၂၆) ရက်နေ့တွင် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ဝန်ထမ်းဖြစ်ပါက (၃၅) နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
(ဃ) ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(င) မြန်မာ့မီးရထားတိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) အနိမ့်ဆုံးအရပ် (၅) ပေ (၂) လက်မ ကိုယ်အလေးချိန်ပေါင် (၁၀၀) နှင့် (၁၅၀)အတွင်း ရှိရမည်။

၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများအား ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)
(ခ) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်(မိတ္တူ)
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီ ရက်သတ္တပတ်နှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့/ရဲစခန်း ထောက်ခံချက်(မူရင်း)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်(မူရင်း)
(င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်(မူရင်း)

၃။ လျှောက်လွှာပုံစံအား သွားလာပို့ဆောင်ရေးဌာန(ရုံးချုပ်)တွင် ထုတ်ယူရန်နှင့် မြန်မာ့မီးရထား (ရုံးချုပ်) သွားလာပို့ဆောင်ရေးဌာန၊ နေပြည်တော်ဘူတာကြီးသို့ လိပ်မူ၍ (၉-၉-၂၀၂၆) ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျ ပေးပို့ရောက်ရှိလာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၁၄-၉-၂၀၂၆) ရက်နေ့ နံနက် (၉:၀၀)နာရီမှ ညနေ(၁၆:၀၀) နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်ဘူတာကြီးတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များနှင့်အတူ လာရောက်ထုတ်ယူရမည်။

၅။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်) တည်ရှိရာ နေပြည်တော်ဘူတာကြီးတွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်-

(က) (၁၅-၉-၂၀၂၆) ရက်၊ နံနက် (၉:၀၀) နာရီမှ (၁၁:၀၀) နာရီအထိမြန်မာစာ
(ခ) မွန်းတည့် (၁၂:၀၀) နာရီမှ (၁၄:၀၀) နာရီအထိ အင်္ဂလိပ်စာ
(ဂ) ညနေ (၁၅:၀၀) နာရီမှ (၁၇:၀၀) နာရီအထိ အထွေထွေဗဟုသုတ

၆။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၃၁)ပတ် သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ်ကာလအတွင်း လစာနှုန်းကျပ် (၁၈၀၀၀၀) ဖြင့် စတင်ခံစားခွင့်ရရှိမည် ဖြစ်ပါသည်။

၇။ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေစာမေးပွဲအောင်မြင်သူများအား သွားလာပို့ဆောင်ရေးဌာန၊ (ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးတွင် ကြေညာပေးသွားမည်ဖြစ်ပါကြောင်းနှင့် ရေးဖြေအောင်မြင်သူများအား စိတ်စစ်ဆေးခြင်းနှင့်ကျန်းမာရေးဆေးစစ်ဆေးမှုပြုလုပ်၍ အောင်မြင်သူများကိုသာ ခန့်ထားမည်ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၇၇၁၀၄/၇၇၀၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/25667 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/66438 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/85609 Feiling-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/မတရ(နိုင်)၁၃၇၄၇၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/ 4461 WIN STAR mfv cwsmpv MICRO BUS (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဟန် ၉/သပက(နိုင်)၀၅၃၀၇၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇/ရွှေပေါက်ကံ)၊ မြေကွက် အမှတ်(၅၄၃)၊ မြေဧရိယာ (၂၄၀၀-စတုရန်းပေ)၊ မြေကွက်တည်နေရာအမှတ်(၅၄၃)၊ မြဝတီမင်းကြီးလမ်း၊(၁၇-ရွှေပေါက် ကံ)၊ ဦးစော ဝင်း (RGN-၀၂၃၃၄၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစောဝင်း (ဖခင်)သည်(၁၆-၂-၂၀၀၃)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်ကြည်(မိခင်)သည် (၁၆-၄-၂၀၂၄) ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ဒေါ်အေးပွင့်၁၂/သလန (နိုင်)၀၂၇၆၅၁ မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၊ ကျမ်းကျိန်လွှာအမှတ်-၂၉၉၁(၅-၃-၂၀၂၆)ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း အိမ်ထောင်စုစာရင်း ဂရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဝင်စာ အမှတ်-၇၈၀၇(၁၇-၇-၂၀၂၆)ရက်စွဲပါစာဖြင့်(၂၀ပေx၆၀ပေ)ကို အရပ်ကတိစာချုပ်ဖြင့် ဒေါ်နုနုချို က ဝယ်ယူထားပါကြောင်း၊ အဆိုပါမြေနှင့် အိမ်နှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိပါကြောင်းနှင့် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ၎င်းတို့မှအလုံးစုံတာဝန်ယူဖြေရှင်း ပေးမည်ဖြစ်ပါကြောင်း ဒေါ်အေးပွင့် နှင့် ဒေါ်နုနုချိုတို့မှ ဝန်ခံကတိပြုလက်မှတ်ရေးထိုးတင်ပြစာတို့ ပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် အမှန်တကယ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံ သောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀၆

ဒေါ်သက်မှူးစံ **နှင့်** ဦးမြင့်သိန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၅) ဦးပိုင်အမှတ် (၉၂)နေ ဦးမြင့်သိန်း (ဘ) ဦးစောကြာရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမြင့်သိန်း သင့်အပေါ်၌ တရားလို ဒေါ်သက်မှူးစံက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ် (နန-၂၀)၊ ဦးပိုင်အမှတ်-၂၁၊ ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမြင့်သိန်း အမည်ပေါက် ဂရန်မြေကွက်အား ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလို က ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/55456 Zhineng 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်လွင် ၁၄/ပသရ(နိုင်)၁၁၆၂၁၂ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/7096 ယာဉ်လက်ဝယ် ရှိသူ ဦးဇော်မင်းထွန်း ၉/ပမန(နိုင်)၁၃၈၅၅၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 85W/85122, New Zhineng 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၄/ဟသတ(နိုင်)၀၂၈၅၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/17564 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၅/စကန(နိုင်) ၁၉၂၇၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ပညတ်ဝရမ်းထုတ်ဆင့်ပြီး လေလံတင်ရောင်းချခြင်းအား အတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၄(၁))
## စစ်ကိုင်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅ နှင့်ဆက်နွယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂

ဦးရွှေ **နှင့်** ဒေါ်မြကျင်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာနေ တရားရှုံး ဒေါ်မြကျင်(ဘ) ဦးချစ်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က တရားရှုံးပိုင်ဆိုင်နေထိုင်သော စစ်ကိုင်းမြို့နယ်၊ အုန်းတောကျေးရွာ၊ နယ်မြေ (၉) အရှေ့အနောက် (၅၃) ပေ၊ တောင်မြောက် (၁၀၈) ပေ၊ ယင်းမြေထဲရှိ (၃x၃) ခန်း၊ နှစ်ထပ်သွပ်မိုး၊ အောက် ထပ်အုတ်ကာ၊ အပေါ်ထပ်ပျဉ်ကာ နေအိမ်(၁) လုံး၊ (၃x၂) ခန်း၊ နှစ်ထပ်သွပ်မိုး အပေါ်ထပ်ထရံကာ၊ အောက်ထပ်အကာမရှိအဆောက်အအုံ (၁) လုံးနှင့် အထက်ပါ အလား (၄) ရပ်အတွင်းရှိ နေအိမ်ဝိုင်းမြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့အား လေလံတင်ရောင်းချရန်အတွက် ပညတ်ဝရမ်း ထုတ်ဆင့်ပေးပါရန် လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်စာဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း(၁၁) ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် ဤရုံးတော်ရှေ့လာ ရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၆) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဝေဖြိုးနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**စစ်ကိုင်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁) ရပ်ကွက်၊ ၆၃လမ်း၊ (၁၀၆) x (၁၀၇) လမ်းကြားနေ ဒေါ်ထက်ရည်မွန်အေး ၁၃/လရန(နိုင်)၁၈၆၄၃၆ ၏ မိဘအမည်မှာ ဦးကျားလျှံ(ခ) ဦးကျားလျှံနှင့် ဒေါ်ဟွီးကျူ (ခ) ဒေါ်အီးကြူ မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ထက်ရည်မွန်အေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/6068 Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ခိုင် ၁၄/မမန(နိုင်)၁၇၁၃၈၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/70903 Honda Dream C-100 ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၉/မထလ(နိုင်)၀၉၇၁၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ပြင်ဆင်မှုကို ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ ကြားသိစေသည့် အကြောင်းကြားစာ
## မကွေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၆

| | | | |
|---|---|---|---|
| ၁။ ဒေါ်ပပဝင်း | နှင့် | ၁။ | ဒေါ်တင်တင်ဦး |
| ၂။ ဦးအောင်ဇေယျာထွန်း | | ၂။ | ဒေါ်ကျင်ခွမ် (ခ) ဒေါ်လှလှအေး |
| ၃။ ဒေါ်သိမ့်သိမ့်ထွေး | | ၃။ | ဒေါ်ကင်လျန်(ခ)ဒေါ်တင်တင်ညို |
| | | ၄။ | ဒေါ်ဟင် (ခ) ဒေါ်အေးအေးသန်း |
| | | ၅။ | ဒေါ်တီ (ခ) ဒေါ်အေးအေးငြိမ်း |
| | | ၆။ | ဒေါ်ထွေးထွေး |
| | | ၇။ | ဒေါ်အေးအေးမာ |
| | | ၈။ | မသွဲ့စန္ဒီသိန်းထွန်း (ကွယ်လွန်သူ ဦးကျော်နိုင်ထွန်း၏သမီး) |
| | | ၉။ | ဦးကျော်အောင်မိုး |
| | | ၁၀။ | ဒေါ်တင်မိုးဖြူ |
| **(လျှောက်ထားသူများ)** | | | **(လျှောက်ထားခံရသူများ)** |

၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ ပခုက္ကူခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၂၀၂၃ အမှုတွင် ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁- ရပ်ကွက်) (ဘုရင့်နောင်ပွဲရုံဝန်း) အောင်သပြေလမ်း၊ အမှတ်(ဒီ/၁၀)နေ လျှောက်ထားခံရသူအမှတ် (၃) ဒေါ်ကင်လျန် (ခ) ဒေါ်တင်တင်ညို (ဘ) ဦးတင်လှ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းပဲတန်း မြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၂/၁၄ (မြေညီ)နေ လျှောက်ထားခံရသူ အမှတ်(၇) ဒေါ်အေးအေးမာ (ဘ) ဦးတင်လှ၊ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်၊

ယခုအမှုတွင် ပခုက္ကူခရိုင်တရားရုံးတော်က ချမှတ်ခဲ့သည့်အမိန့်အပေါ် ပြင်ဆင်မှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်နွဲ့ရီက တင်သွင်း၍ ဤရုံးတော်၌ မှတ်ပုံတင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာ ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၃ရက်) နံနက် ၁၀:၀၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဝေယံပိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မကွေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖြန့်ဖြူးသူ ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Hailir Pesticides and Chemicals group Co., Ltd.,China မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား မူလ ဖြန့်ဖြူးသူ Agri Leading Biotech Co., Ltd. မှ New Asia Crop Science Co.,Ltd သို့ ဖြန့်ဖြူးခွင့် လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေးမှတ်ပုံတင် အဖွဲ့၊ သီးနှံ ကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁ | ALB-Emalufe | Emamectin Benzoate 3%+ Lufenuron 5% SC | P2025-5910 |

**Agri Leading Biotech Co., Ltd. ဖုန်း-၀၉-၉၅၅၀၀၆၇၈၉**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ သီရိရတနာလမ်း၊ တိုက်အမှတ် (၃၇)၊ အခန်း (ပထမထပ်) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂.၅ပေ × ၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်သိန်း (ခ) အာယုအာလီ (၁၂/မဂတ (နိုင်) ၁၀၈၀၃၃)ထံမှ ကျွန်မ ဒေါ်ဝါဝါစိုး (၁၂/တမန (နိုင်) ၁၃၁၃၂၀)က ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**ဒေါ်ဝါဝါစိုး (၁၂/တမန (နိုင်) ၁၃၁၃၂၀)**
**၀၉- ၇၉၈ ၄၀၆ ၃၄၄**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဦးပုညလမ်းနေ (ဘ) ဦးမြခင်၏ သား ဦးလှငွေ ၁၂/တတန(နိုင်)၀၅၁၁၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးလှငွေသည် ဦးအောင်စည်ဟိန်း (ဘ) ဦးလှငွေ အမည်ဖြင့် (၂၉-၁၁-၂၀၂၄)ရက်က ဝယ်ယူပေးထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ အိုးဘိုအရှေ့ရပ်ကွက်၊ နှင်းဆီလမ်း တွင်ရှိသော ကွင်းအမှတ် (၇၉-B)၊ ကွင်းအမည် (အိုးဘိုကုလားတန်းကွင်း)၊ ဦးပိုင်အမှတ်(၁၆၈)၊ ဧရိယာ(၀.၀၁၆)ဧက အကျယ်အဝန်းရှိ မြို့မြေ-မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်" လိုင်စင်ရ လုပ်ငန်းနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား" လည်းကောင်း၊ (၂၂-၈-၂၀၂၄)ရက်က ၎င်းတစ်ဦးတည်းအမည်ဖြင့် ဝယ်ယူပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ ရှမ်းစုကျေးရွာ(မြောက်ပိုင်း)ရှိ (အလျား ၇၂ပေx အနံ ၃၈ပေ) အကျယ်အဝန်းရှိ အိမ်ခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအောင်စည်ဟိန်းထံသို့ ၎င်း၏သဘောဆန္ဒရှိသည့်အတိုင်း မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

